
စိတ်ကူးချိုချိုအနုပညာ




သန့်ရှင်း
ဖဆပလအဖွဲ့ချုပ်
ဥက္ကဋ္ဌ



# ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်

## ပြည်သူလူထုနှင့်နီးကပ်ရန်၊ လူတော်လူကောင်းဖြစ်ရန်

mgyoe.com

ပဉ္စမအကြိမ်

mgyoe.com



# ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်

ပြည်သူလူထုနှင့်နီးကပ်ရန်၊
လူတော်လူကောင်းဖြစ်ရန်

mgyoe.com

UNU0016

2,500.00 KS

mgyoe.com

ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်၊ ဦးနု
စာမျက်နှာ ၁၉၄ မျက်နှာ၊ ၁၆ စင်တီ× ၁၈ •၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မရိုးရှိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဒီဇင်ဘာလ၊ ပဉ္စမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၅၉ စက်တင်ဘာ ဗတာလဆပုံနှိပ်တိုက်၏ တတိယအကြိမ်မှူ (ပထမအကြိမ်-၁၉၅၉၊ ဇူလိုင်လ)

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# ရေ့တန်းခေါင်းဆောင် ဖြစ်လိုသော

## ဦးနု

သန့်ရှင်းဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌ

ပဉ္စမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ရှေ့တန်းခေါင်းဆောင်

သန့်ရှင်းဖဆပလဖြစ်လိုသော် အဖွဲ့ချုပ်ဥက္ကဋ္ဌကြီး ဦးနုသည် ၁၉၅၉ခု မေလအတွင်းက "ခေါင်းဆောင်များလက်စွဲ" ဟူသော စာအုပ်ငယ်တစ်အုပ် ရေးသားထုတ်ဝေခဲ့၏။ ထိုစာအုပ်ငယ်တွင် ကမ္ဘာအေး သန့်ရှင်းခေါင်းဆောင်ငယ်များ သင်တန်း၌ ဥက္ကဋ္ဌကြီးဦးနု ဟောပြောခဲ့သော ခေါင်းဆောင်တော် ခေါင်းဆောင်ကောင်းများဖြစ် မြောက်ရေးမိန့်ခွန်းကို တိုးချဲ့ပြီးလျှင် "ရှေ့တန်းခေါင်းဆောင် ဖြစ်လိုသော်" ဟူသောအမည်ဖြင့် ထုတ်ဝေခဲ့သည်။

သို့ရာတွင် စာအုပ်များ ချက်ချင်းကုန်သွားသဖြင့် ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ခဲ့ရသည်။ ဒုတိယနှိပ်ခြင်းတွင် လိုအပ်သလို အနည်းငယ် ပြင်ဆင်၍ နိုင်ငံရေးခေါင်းဆောင်များအတွက် အဓိဋ္ဌာန် ၁၅ ချက်ကိုထပ် ဖြည့်ပုံနှိပ်ခဲ့သည်။

ဒုတိယနှိပ်ခြင်း မှာလည်း ချက်ချင်းပင် ကုန်သွားသောကြောင့် တတိယအကြိမ်အုပ်ရေတစ်သောင်း ထပ်မံပုံနှိပ်ရပြန်ပါသည်။ ယခု တတိယနှိပ်ခြင်းတွင် လူကောင်းတစ်ယောက် ခေါင်းဆောင်ကောင်း တစ်ယောက် ဖြစ်မြောက်ရေးအတွက် သန့်ရှင်းဖဆပလအဖွဲ့ဝင်များလိုက် နာကျင့်သုံးကြရသော "အဓိဋ္ဌာန်လွှာ" ကို စာအုပ်နောက်ပိုင်းတွင် တိုးချဲ့ ထည့်သွင်းရိုက်နှိပ်ထားပါသည်။

mgyoe.com

mgyoe.com

# ကျေးဇူးတင်ပါသည်

ဤစာအုပ်တွင်ပါရှိသော တရားတော်နှင့်စပ်လျဉ်းသည့် အချက်ပေါင်းများစွာတို့ကို အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၏ အဋ္ဌကထာ စိစစ်ခန်း ကျမ်းစာအုပ်မှလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသဆရာတော်၏ ရတနာ့ဂုဏ်ရည်နှင့် ကိုယ်ကျင့်အဘိဓမ္မာကျမ်းစာအုပ်များမှလည်းကောင်း၊ လူပြန်တော် ပညာရှိအသင်းမှ ထုတ်ဝေသော မေတ္တာပွားများရေးစာတမ်းမှလည်းကောင်း ထုတ်နုတ်ဖော်ပြထားသည် ဖြစ်ကြောင်းကို ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်လိုပါသည်။

၎င်းပြင် ပါရမီဆယ်ပါးနှင့် စပ်လျဉ်း၍ အကျယ်ရှင်းပြချက်ကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသထံမှ ရရှိကြောင်းကိုလည်းကောင်း၊ အပြင်အောင်ခြင်းကဗျာများကို ရေးသားပေးသော ဆရာကြီးဦးဘသန်း (သျှင်သန်းမေ) အားလည်းကောင်း ကျေးဇူးတင်ကြောင်းကိုလည်း မှတ်တမ်းတင်လိုပါသည်။

ဤစာအုပ်၌ပါသော ကျမ်းဂန်အစောင်စောင်မှ ထုတ်နုတ်ချက်များမှာ ပညာရှိအချို့၏ ကူညီမှုသာ မရခဲ့လျှင် ကျွန်တော်၏ အစွမ်းဖြင့် ရှာဖွေရန် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ ဤစာအုပ်ထမြောက်အောင်မြင်အောင် ဝိုင်းဝန်းကူညီကြကုန်သော ပညာရှိများအား အထူးကျေးဇူးတင်ရှိကြောင်းကို ဤနေရာတွင် မှတ်တမ်းတင်အပ်ပါသည်။

မောင်နု

၂၇-၈-၅၉

mgyoe.com

mgyoe.com

# နှလုံးရည်တိုက်ပွဲ

## (၁) ဘာအတွက် ဒီမိုကရေစီ ကာကွယ်ရေး တိုက်ပွဲဝင်ရသလဲ

နှလုံးရည်တိုက်ပွဲဆိုသည်မှာ အခြားမဟုတ်၊ ဒီမိုကရေစီကို ကာကွယ်ရန်အတွက် ဒီမိုကရေစီအခွင့်အရေးများကို ဖိနှိပ်ချုပ်ချယ် ဖျက်ဆီးနေသောသူများအား အကြမ်းမဖက်သည့် ဒီမိုကရေစီနည်းဖြင့် တိုက်ရမည့်တိုက်ပွဲဖြစ်သည်ဟု အချို့ သန့်ရှင်းဖဆပလအဖွဲ့ဝင်များက ယူဆလျက်ရှိကြသည်။ ဤယူဆချက်မှာ တစ်ပိုင်းသာ မှန်သေးသော ယူဆချက်ဖြစ်သည်။

တစ်ဖက်သားကို နှလုံးရည်နှင့် တိုက်မည်ဆိုလျှင် တိုက်ပွဲဝင်တိုင်း၌ နှလုံးရည် ရှိရပေလိမ့်မည်။ ထို့ကြောင့် နှလုံးရည်တိုက်ပွဲဆိုသည်မှာ အခြားမဟုတ်၊ ဒီမိုကရေစီ အခွင့်အရေးများကို ဖိနှိပ်ချုပ်ချယ် ဖျက်ဆီးနေသောသူများကို နှလုံးရည်ဖြင့် တိုက်ရမည့်တိုက်ပွဲလည်း ဖြစ်သည်၊ တိုက်ပွဲဝင်ပုဂ္ဂိုလ်တို့၏ ကိုယ်တွင်း၌ရှိသော နှလုံးရည်ကို ဖျက်ဆီးပစ်တတ်သည့် အညစ်အကြေးများကို တွန်းလှန်ပစ်ရမည့် တိုက်ပွဲလည်း ဖြစ်သည်ဆိုသည်ကို နှလုံးရည်တိုက်ပွဲဝင်ပုဂ္ဂိုလ်တို့သည် အထူးမှတ်သားထားကြစေချင်ပါသည်။

ထို့ကြောင့် တစ်ဖက်က ဒီမိုကရေစီကာကွယ်ရေး နှလုံးရည်တိုက်ပွဲ

mgyoe.com

mgyoe.com

ဝင်နေစဉ် အခြားတစ်ဖက်ကလည်း မိမိကိုယ်ကို နှလုံးရည် တိုးတက်ပြည့်ဝလာအောင် အထူးကြိုးစားကြရမည်။

ဤကဲ့သို့ နှလုံးရည် ပြည့်ဝစေရေးအတွက် မိမိကိုယ်တွင်းရှိ အညစ်အကြေးများကို တော်လှန်နေခြင်းသည်ပင်လျှင် နှလုံးရည်တိုက်ပွဲဝင်နေခြင်း ဖြစ်သည်ဆိုသည်ကို သန့်ရှင်းဖဆပလအဖွဲ့ဝင်တိုင်း အထူးသတိချပ်ကြစေချင်ပါသည်။

ဒီမိုကရေစီကာကွယ်ရေး၊ နှလုံးရည်တိုက်ပွဲ အောင်မြင်ရေးသည် ကျွန်တော်တို့အတွက် အခက်ဆုံး ပြဿနာမဟုတ်။ တိုက်ပွဲဝင်ရသောအကြောင်းရင်းသည် မှန်လည်းမှန်၍ အကျိုးလည်းရှိမည်၊ တိုက်ပွဲဝင်သူများမှာလည်း ဖြူစင်သောစေတနာ၊ မတုန်မလှုပ်သောသတ္တိ၊ မလျှော့သောဇွဲ၊ ကောင်းသောအရည်အချင်းတို့နှင့် ပြည့်စုံမည်ဆိုလျှင် မည်သည့်တိုက်ပွဲမဆို အောင်မြင်ရမည်။

ဘာအတွက် ဒီမိုကရေစီကာကွယ်ရေး နှလုံးရည်တိုက်ပွဲထဲသို့ ဝင်လာသည်ဆိုသည့်အချက်ကို တိုက်ပွဲဝင်ပုဂ္ဂိုလ်တိုင်း ကောင်းစွာ သဘောပေါက်ရမည်။ ဤကဲ့သို့ သဘောပေါက်နိုင်ရန်အတွက် အခြေခံရပ်ကွက်များအထိ ဆွေးနွေးပွဲများကို စနစ်တကျ ကျင်းပပေးရမည်။

ခေါင်းဆောင်အသီးသီး၏ မိန့်ခွန်းများကိုလည်း စနစ်တကျ လေ့လာနိုင်လျှင်လည်းကောင်း၊ ဤသို့ လေ့လာပြီး မိန့်ခွန်းများထဲမှ မှတ်သားဖွယ်ကောင်းသော အချက်များကို စနစ်တကျ ဆွေးနွေးနိုင်လျှင်လည်းကောင်း အထောက်အပံ့ဖြစ်နိုင်သည်။

အများယောင်လို့ ယောင်ရသည်၊ အမောင် တောင်မှန်း မြောက်မှန်း မသိဆိုသော စကားကဲ့သို့ ဘာကြောင့် နှလုံးရည်တိုက်ပွဲ ဝင်ရသည်ကို ကိုယ်တိုင်မသိဘဲ သူများဝင်သည်ကို မြင်သောကြောင့်သာ ဝင်လာကြသော သူများအတွက် အခက်အခဲတစ်ခုခုနှင့် ရင်ဆိုင်တွေ့လျှင် စိတ်ပျက်တတ်သည်။ တစ်ခါတစ်ရံ ဟိုက သည်က ပြောသံဆိုသံတွေကို ကြားရသည့်အခါများတွင်လည်း နားယောင်ပြီး လမ်းလွဲကို လိုက်တတ်သည်။

mgyoe.com

ထို့ကြောင့် ဘာအတွက် နလုံးရည်တိုက်ပွဲ ဝင်ရသည်ဆိုသည့် အချက်ကို သဘောပေါက်အောင် နလုံးရည်တိုက်ပွဲဝင် ပုဂ္ဂိုလ်တိုင်း အထူးကြိုးစားပါ။ ဤအချက်ကို ရိုးတွင်းခြင်ဆီထဲမှာ စွဲနေအောင် အထူးကြိုးစားပါ။

ဤအချက်ကို အထင်မသေးပါနှင့်။ အထူးဦးစားပေး၍ ကြိုးစားပါ။

* * *

## (၂) အဓိဋ္ဌာန်ရှိရမည်။

နလုံးရည်တိုက်ပွဲတွင် အနိမ့်အမြင့်များ ရှိလိမ့်မည်။ ရံဖန်ရံခါ ပြည်သူ လူထု၏ တစ်ခဲနက်အုံကြွ၍ ထောက်ခံမှုများကို တွေ့ရမည်။ ရံဖန်ရံခါ ပြည်သူလူထု၏ ထောက်ခံမှုများကို တွေ့ရမည်မဟုတ်။ ရံဖန်ရံခါ ပြည်သူလူထု၏ တစ်ခဲနက်ချီးကျူးခြင်းကို ခံရမည်။ ရံဖန်ရံခါ လူထု၏ တစ်ခဲနက်ရှုတ်ချခြင်းကို ခံရမည်။ ရံဖန်ရံခါ ပျော်စရာရွှင်စရာများ နှင့် တွေ့ရမည်။ ရံဖန်ရံခါ အဖမ်းအဆီး၊ အချုပ်အနှောင်၊ အနှိပ်အစက်၊ အသတ်အဖြတ် အစရှိသည့် စိတ်ညစ်စရာများနှင့်လည်း တွေ့ရမည်။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့သဖြင့် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသော်မှ ဤလောကဓံတရားများက မလွတ်နိုင်သေးလျှင် ပါမွှားနိုင်ငံရေးသမားများသည် ဤလောကဓံတရားများမှ အဘယ်မှာလျှင် လွတ်နိုင်ပါမည်နည်း။

တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောပြီးသောအခါ လူ့ပြည်သို့ ပြန်ကြွလာရာတွင် အံ့မခန်းနိုင်လောက်အောင် ကြီးကျယ်လှသည့် စောင်းတန်းကြီးကိုဖန်ဆင်းပြီး ဗြဟ္မာ၊ သိကြား၊ နတ်များကိုယ်တိုင် မြတ်စွာဘုရားသခင်ကို တစ်ခဲနက် ခြံရံလျက် သာယာနာပျော်ဖွယ်ကောင်း

mgyoe.com

mgyoe.com

လှသော တူရိယာတို့ဖြင့် လိုက်ပို့ကြသည့်အခါမျိုးလည်း ရှိသည်။

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်တွင်းသို့ ဆွမ်းခံအဝင်မှာ မာဂဏ္ဍီ၏ လက်ကိုင်တုတ်များက အမျိုးမျိုး ဟစ်အော်ဆဲဆိုသည်ကို ခံရသည့်အခါမျိုးလည်း ရှိသည်။

နိုင်ငံရေးသမားများသည် အများအားဖြင့် ပုထုဇဉ်များသာဖြစ်ကြရာ အမြင့်နှင့် တွေ့ရသည့်အခါများတွင် စိတ်တက်ကြွကြသလောက် အနိမ့်နှင့် တွေ့ရသည့်အခါများတွင် စိတ်ပျက်တတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ထို့ကြောင့် နှလုံးရည်တိုက်ပွဲဝင် ပုဂ္ဂိုလ်တိုင်းသည် ဘာ့ကြောင့် တိုက်ပွဲဝင်ရသည်ကို ရှေးဦးစွာ သဘောပေါက်အောင်လုပ်ပြီး တိုက်ပွဲဝင်တော့မည်ဟု ဆုံးဖြတ်သည့်အခါတွင် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြုသင့်သည်။

"ငါသည် လူရင့်မကြီးဖြစ်ပြီး လူဖြစ်ကျိုးရှုံးရမည့်ဘဝမျိုးကို ဘယ်နည်းနှင့်မှ လက်မခံနိုင်။ ငါ၏ သားစဉ်မြေးဆက်တို့နှင့်တကွ ဆွေမျိုးဉာတကာတို့သည်လည်း လူရင့်မကြီးဖြစ်ပြီး လူဖြစ်ကျိုးရှုံးရမည့် ဘဝသံသရာထဲမှာ တဝဲလည်လည်နေရမည်ကို ငါသည် ဘယ်နည်းနှင့်မှ မရှုဆိတ်နိုင်။"

"နှလုံးရည်တိုက်ပွဲသည် ငါ၊ ငါ၏ သားစဉ်မြေးဆက်တို့နှင့်တကွ၊ ငါ၏ ဆွေမျိုးဉာတကာတို့အတွက် လူဖြစ်ကျိုးရှုံးရမည့် ဘဝဆိုးကြီးမှ လွတ်မြောက်စေနိုင်သည့် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်သည်ဟု ငါ လေးနက်စွာ ယုံကြည်သည်။"

"ထို့ကြောင့် အရိုးကြေကြေ အရေစုတ်စုတ် အသက်ဇီဝိန်ပင် ချုပ်ရပေစေ၊ ငါသည် ကြောက်ဒူးမတုန်ဘဲ၊ နောက်မဆုတ်ဘဲ၊ နှလုံးရည်တိုက်ပွဲကြီးကို သစ္စာမဖောက်ဘဲ အောင်မြင်သည့်နေ့အထိ ပါဝင်ဆင်နွှဲရန် လေးနက်စွာ သစ္စာအဓိဋ္ဌာန်ပြုသည်။

နှလုံးရည် တိုက်ပွဲဝင်တိုင်းသည် တစ်နေ့လျှင် အနည်းဆုံး

mgyoe.com

တစ်ကြိမ်လောက် လူစုလူဝေးနှင့်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အထက်ပါ အတိုင်း အဓိဋ္ဌာန်ပြုသင့်သည်။

ဤသို့ နေ့စဉ်မှန်မှန် အဓိဋ္ဌာန်ပြုခြင်းဖြင့် နှလုံးရည်တိုက်ပွဲ အရေးမြင့်သည့်အခါမျိုးတွင်လည်း တိုက်ပွဲဝင်များသည် ဘဝင်မမြင့်နိုင်။ နှလုံးရည်တိုက်ပွဲ အရေးနိမ့်သည့်အခါမျိုးတွင်လည်း ညည်းညူသံများ၊ စိတ်ပျက်သံများ၊ အပြင်ထွက်ထိုင်မှုများ၊ ဟိုခုန်ဒီခုန်နှင့် ခုန်ကျော်ပျံလွှား မှုများသည် ပြောပလောက်အောင် ရှိနိုင်မည်မဟုတ်ပေ။

***

## (၃) မေတ္တာပွားရမည်။

၎င်းထက် ပိုကောင်းသည့် စကားလုံးကို ရှာမတွေ့သေးသဖြင့် "နှလုံးရည်တိုက်ပွဲ" ဆိုသည့် စကားလုံးကို အသုံးပြုထားရခြင်း ဖြစ်သည်။ နှလုံးရည်တိုက်ပွဲသည် ဖီလာကျနေသော စကားများဖြစ်သည်။ သို့ရာတွင် ထို့ထက် သင့်တော်သော စကားလုံးကို မတွေ့သေးသောကြောင့် ယာယီ သဘောမျိုးဖြင့် "နှလုံးရည်တိုက်ပွဲ" ဟုပင် အသုံးပြုကြပါစို့။

မတရားဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ နှိပ်စက်ခြင်း၊ သတ်ဖြတ် ခြင်းခံရသောသူများသည် ပုထုဇဉ်များသာ ဖြစ်ကြသောကြောင့် မတရား လုပ်သူများအပေါ်တွင် အာဃာတများ ရှိကြမည်မှာ ဓမ္မတာပင်ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် အာဃာတ ထားနေခြင်းအားဖြင့် မတရားအပြုခံရသူမှာ အကျိုးမဖြစ်၊ အကျိုးသာ ယုတ်သည်။ အာဃာတ ဖြစ်တိုင်း ဖြစ်တိုင်း အကုသိုလ်ဖြစ်နေသည်ကို သတိရစေချင်သည်။

သို့ဖြစ်ရာ မတရားပြုခံရသူများမှာ ဤသို့ အပြုခံရပြီးနောက် အကျိုးမယုတ်ဘဲ အကျိုးဖြစ်အောင် အသင့်အတင့် နှလုံးသွင်းတတ်ရ မည်။

မတရားအပြုခံရခြင်းမှာ အခြားကြောင့်မဟုတ်၊ မိမိ၏အတိတ်က အကုသိုလ်ကံကြောင့်ပင်ဖြစ်သည်ဟု ဟုတ်မှန်သည့်အတိုင်း နှလုံးသွင်း

mgyoe.com


တတ်ရမည်။ ဤသို့ နှလုံးသွင်းနိုင်လျှင် အာဃာတများ လျော့ပါးသွားသည်ကို နှလုံးသွင်းသူသည် ထင်ထင်ရှားရှား တွေ့ရပေလိမ့်မည်။

၎င်းပြင် နှလုံးရည်တိုက်ပွဲ၏ အဓိကရည်ရွယ်ချက်မှာ ကိုယ့်ကို မတရားပြုသူများအား ပျက်စီးနစ်နာစေရန်မဟုတ်ဘဲ၊ စိတ်ပြောင်းရန်သာ ဖြစ်သဖြင့် အာဃာတရှိနေသရွေ့ တစ်ဖက်သားကို စိတ်ပြောင်းရန် ခက်လိမ့်မည်။

ထိုမျှမကသေး၊ မတရား အပြုခံရသည့်အခါ အာဃာတကို မဖျောက်နိုင်လျှင် မနိုင်၍ သည်းခံရခြင်းမျိုး ဖြစ်လိမ့်မည်။ မတရားအပြုခံရသည့်အခါတွင် အာဃာတမရှိဘဲ မေတ္တာပွားနိုင်လျှင် ခန္တီအစစ်ဖြစ်သည်။ မတရားအပြုခံရသည့်အခါ အာဃာတကို မဖျောက်နိုင်ဘဲ ငုံ့ခံနေခြင်းသည် သတ္တိကြောင်ရာ ရောက်သည်။ မတရားအပြုခံရသည့်အခါ ရန်တုံ့မမူဘဲ အာဃာတကိုဖျောက်ပြီး မေတ္တာပွားနိုင်မှသာလျှင် သတ္တိအစစ်ရှိရာ ရောက်သည်။

အာဃာတပျောက်သွားရုံလောက်နှင့် တင်းတိမ်ခြင်းမရှိဘဲ မတရားအပြုခံရသူသည် မတရားပြုသူအပေါ်တွင် မေတ္တာပွားများနိုင်မည်ဆိုလျှင် နှလုံးရည်တိုက်ပွဲ၏ အဓိကရည်ရွယ်ချက်လည်း လျင်လျင်မြန်မြန် အောင်မြင်မည်။ မေတ္တာပွားများသူမှာလည်း အလွန်အကျိုးထူးလိမ့်မည်။

မေတ္တာတရား ပွားများရခြင်း၏ အကျိုးများကို အင်္ဂုတ္တရနိကာယ်၊ ဧကာဒသကနိပါတ်၊ အနုဿတိဝဂ္ဂပါဠိတော်၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောထားတော်မူခဲ့ပါသည်။

**မေတ္တာ၏အကျိုး(၁၁)ပါး**

(၁) ချမ်းသာစွာ အိပ်ပျော်ခြင်း။
(၂) ချမ်းသာစွာ အိပ်ရာမှနိုးရခြင်း
(၃) မကောင်းသောအိပ်မက် မမြင်မက်ခြင်း။
(၄) လူအများ၏ ချစ်ခင်ခြင်းကို ခံရခြင်း။

mgyoe.com

(၅) နတ်များ၏ ချစ်ခင်ခြင်းကို ခံရခြင်း။
(၆) နတ်များ၏ စောင့်ရှောက်ခြင်းကို ခံရခြင်း။
(၇) မီးဘေး၊ အဆိပ်ဘေး၊ လက်နက်ဘေးတို့မှ ကင်းဝေးခြင်း။
(၈) လျင်မြန်စွာ စိတ်တည်ကြည်မှု ရနိုင်ခြင်း။
(၉) မျက်နှာအဆင်း ကြည်လင်ခြင်း။
(၁၀) မတွေမဝေဘဲ သေရခြင်း။
(၁၁) မဂ်ဖိုလ်ကို မရသည့်တိုင်အောင် အောက်ဆုံးထစ်အားဖြင့် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်ခြင်းတို့ဖြစ်၏။

ထို့ထက် ထင်ရှားစွာ သိသာအောင်ဖော်ပြရသော်...

ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ချောက်ချားစေလျက် ရွှေငွေရတနာ ကျောက်သံပတ္တမြား၊ အဝတ်အစားနှင့်တကွ လိုလေသေးမရှိ၊ ထမင်းရည် ချောင်းစီးအောင်လှူခဲ့သော ဘုရားလောင်း ဝေလာမပုရောဟိတ်ကြီး၏ အလှူဒါနထက် သောတာပန်တစ်ပါးကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ သောတာပန်ပေါင်း တစ်ရာကို ဆွမ်းကျွေးရခြင်းထက် သကဒါဂါမ်တစ်ပါးကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ သကဒါဂါမ်ပေါင်း တစ်ရာကို ဆွမ်းကျွေးရခြင်းထက် အနာဂါမ်တစ်ပါးကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ အနာဂါမ်ပေါင်းတစ်ရာကို ဆွမ်းကျွေးရခြင်းထက် ရဟန္တာတစ်ပါးကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ ရဟန္တာပေါင်း တစ်ရာကို ဆွမ်းကျွေးရခြင်းထက် ဘုရားငယ်ဖြစ်သော ပစ္စေကဗုဒ္ဓါတစ်ဆူကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ ပစ္စေကဗုဒ္ဓါပေါင်း တစ်ရာကို ဆွမ်းကျွေးရခြင်းထက် သဗ္ဗညုမြတ်စွာဘုရားတစ်ဆူကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီး မြတ်၏။ သဗ္ဗညုမြတ်စွာဘုရားတစ်ဆူကို ဆွမ်းကျွေးရခြင်းထက် သဗ္ဗညုမြတ်စွာဘုရားအမှူးရှိသော သံဃာကို ဆွမ်းကျွေးရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ သဗ္ဗညုမြတ်စွာဘုရား အမှူးရှိသော သံဃာကို ဆွမ်းကျွေးရခြင်းထက် စတုဒိသာသံဃာကို ရည်မှန်း၍ ကျောင်းဆောက်

mgyoe.com

mgyoe.com

လှူဒါန်းရခြင်းက ပို၍ အကျိုးကြီးမြတ်၏ ။ စတုဒိသာသံဃာကို ရည်မှန်း၍ ကျောင်းဆောက်လှူဒါန်းရခြင်းထက် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဘုရား–တရား–သံဃာ ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်ရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်ရခြင်းထက် ငါးပါးသီလ ဆောက်တည်ရခြင်းက ပို၍ အကျိုးကြီးမြတ်၏။ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် မေတ္တာတရားကို နွားနို့တစ်ခါညှစ်အချိန်မျှလောက် ပွားများရခြင်းက ပို၍ အကျိုးကြီးမြတ်၏ဟု အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ သီဟနာဒဝဂ္ဂပါဠိတော်၌ မြတ်စွာဘုရားကိုယ်တော်တိုင် တိုက်ရိုက်ဟောထားချက်ရှိပါသည်။

ထို့ကြောင့် မိမိကို မတရားပြုကျင့်သူ၏အပေါ်တွင် မေတ္တာတရားအထူးကြိုးစား၍ ပွားများနိုင်ပါစေ။

ဤသို့ မေတ္တာပွားပြီးလျှင် မိမိအား မတရားပြုသူများအား အောက်ပါအချက်များကို ကောင်းစွာရှင်းပြနိုင်ပါစေ။

၁။ မိမိနှင့် မတရားပြုသူမှာ ငြိုးသူရန်ဘက်များ မဟုတ်ကြောင်း။

၂။ မတရားပြုသူ၏ လက်ထဲတွင်ရှိသော အာဏာနှင့် လက်နက်ကို တရားသဖြင့် သုံးစွဲသင့်ကြောင်း။ လက်နက်မဲ့၊ အာဏာမဲ့ လူတန်းစားများကို မတရားသဖြင့် ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းနှိပ်စက်ရာ၌ အသုံးမပြုသင့်ကြောင်း။

၃။ မိမိတို့အနေနှင့် ဘယ်လိုပင် အပြုခံရသော်လည်း ပြုသူများအပေါ်တွင် မေတ္တာပျက်မည် မဟုတ်ကြောင်း။

၄။ မိမိတို့အနေနှင့် လွတ်လပ်စွာ ဟောပြောခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်ဆိုသည့် ဒီမိုကရေစီအခွင့်အရေးများမှတစ်ပါး၊ အခြားမည်သည့်အရာကိုမျှ အလိုမရှိကြောင်း စသည်တို့ဖြစ်သည်။

* * *

mgyoe.com

mgyoe.com


(၄) သတ္တိရှိပါစေ။

သတ္တိရှိသော နိုင်ငံရေးသမားသည် တစ်ကြိမ်သာ သေသည်။ ကြောက်သော နိုင်ငံရေးသမားသည် နှစ်ကြိမ်သေရသည်။ နှစ်ကြိမ်သေရသည်ဆိုသည်မှာ အခြားမဟုတ်။ နိုင်ငံရေးသမားလုပ်နေပြီး ကြောက်နေသောကြောင့် ပြောစရာရှိသည်ကိုလည်း မပြောရဲ၊ လုပ်စရာရှိသည်ကိုလည်း မလုပ်ရဲလျှင် ဤကဲ့သို့ အကြောက်စိတ်ဝင်လာသည့်အချိန်မှာပင် ၎င်းသူသည် နိုင်ငံရေးအားဖြင့် တစ်ကြိမ်သေလေပြီဟု ယူဆရမည်။

နိုင်ငံရေးနယ်နိမိတ်ထဲမှာ အဖမ်းခံရခြင်း၊ အနှိပ်စက်ခံရခြင်း၊ အသတ်ခံရခြင်းဆိုသည့် ကိစ္စများသည် အထူးအဆန်းကိစ္စများမဟုတ်။ နိုင်ငံရေးသမားတိုင်း (ဝါ) အမျိုးနှင့် သာသနာတော်ကြီးကို အသက်နှင့်ထပ်တူ ချစ်မြတ်နိုးသည့် နိုင်ငံရေးသမားတိုင်း တစ်ကိစ္စနှင့်မဟုတ်၊ အခြားတစ်ကိစ္စနှင့်၊ တစ်ချိန်မဟုတ် အခြားတစ်ချိန် ချိန်မှာ တွေ့ရမည့်ကိစ္စများဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးသမားလုပ်ပြီး ထိုကိစ္စများကို ရင်ဆိုင်သင့်သည့်အခါ ရင်မဆိုင်ရဲလျှင် ၎င်းနိုင်ငံရေးသမားသည် ညံ့ရာကျလိမ့်မည်။

၎င်းပြင်လည်း ကြောက်နေတိုင်းလည်း အဖမ်းအဆီး အချုပ်အနှောင် မခံရသည်မဟုတ်။ အနှိပ်အစက် အညှင်းပန်း မခံရသည်မဟုတ်၊ အသတ်မခံရသည်မဟုတ်။

နိုင်ငံရေးသမားပဲဖြစ်ဖြစ်၊ နိုင်ငံရေးသမား မဟုတ်သူပဲဖြစ်ဖြစ် လူသတ္တဝါအားလုံးသည် ၎င်းတို့၏ ကုသိုလ် အကုသိုလ်များ၏ စီမံရာကို သာလျှင်ခံယူကြရသည်။ နောက်ဆုံးတွင် ၎င်းတို့၏ ကုသိုလ် အကုသိုလ်ကံများ၏ အလိုအတိုင်းသာလျှင် ဖြစ်ကြရပေသည်။

အဖမ်းအဆီး၊ အချုပ်အနှောင်၊ အနှိပ်အစက်၊ အညှဉ်းဆဲအသတ်အဖြတ်ခံရမည့် အကုသိုလ်ကံရှိနေသော သူတစ်ဦးအတွက် ကြောက်နေ၍လည်းမလွတ်၊ ကျောက်တောင်ပေါ်မှာ တက်နေလျှင်လည်းမလွတ်၊ သံသေတ္တာထဲမှာ ဝင်၍ပုန်းနေလျှင်လည်း မလွတ်၊ ရှစ်ခေါဘဏ်တိတပ်ကြီးနှင့် ဝိုင်းထားလျှင်လည်း မလွတ်နိုင်။

mgyoe.com

mgyoe.com

ငင်းအကုသိုလ်ကံမျိုးမရှိသော သူတစ်ဦးအား မည်သူက မည်ကဲ့သို့ပဲ ကြံစည်ကြံစည် ကြိုးစားကြိုးစား အထမြောက် အောင်မြင်နိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ ကြောက်ရွံ့နေသဖြင့် သတ္တိကြောင် သူရဲဘောနည်းသူဟူ၍ နာမည်တွင်ရစ်ရုံသာ ထူးမည်။ အခြားထူးခြားချက် ဘာမျှရှိမည်မဟုတ်ပေ။

ကံ၏အကျိုးပေးပုံ ထူးဆန်းခြင်းကို သဘောပေါက်ရန် နိပါတ်တော်ထဲက သာဓကများကို ထုတ်၍ပြပါမည်။

## အကုသိုလ်ကံအကျိုးပေးပုံသာဓကများ

**ကျီးတစ်ကောင်ဖြစ်ထွေ**

"မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးပြီးနေတဲ့အခါကာလမှာ မြတ်စွာဘုရားကို ဖူးမြော်ဖို့ရန်အတွက် ရဟန်းတော်တစ်စု ကြွလာကြပါတယ်။ ရွာတစ်ရွာသို့ရောက်သည့်အခါ ဆွမ်းခံဝင်ပြီး ဆွမ်းစားဇရပ်မှာ ခေတ္တမျှ ထိုင်နေခိုက်တွင် ချက်ပြုတ်ရာဌာနက အိမ်တစ်အိမ်ကို မီးစွဲလောင်ပါတယ်။ အဲဒီအိမ်က သက်ငယ်ပျစ်တစ်ခုဟာ မီးလောင်ပြီး မီးအဟုန်နှင့် ကောင်းကင်သို့ လွင့်တက်သွားပါတယ်။ အဲဒီလို လွင့်တက်သွားတဲ့အခါ ကျီးတစ်ကောင်ကလည်း ကောင်းကင်ကပျံသန်းလာရင်း အဲဒီမီးလောင်ပြီးတော့ လွင့်တက်သွားတဲ့ သက်ငယ်ပျစ်နဲ့တိုက်မိပြီး လည်ပင်းမှာစွပ်မိလို့ မီးလောင်ပြီးတော့ မြေပြင်ကျကာ သေဆုံးသွားပါတယ်။

"ဒါကို ရဟန်းတော်များကမြင်တော့ ဩော်– ဒီကျီးမှာ ဒီလိုမီးလောင်ပြီး သေဖို့ရန်အကြောင်းကံတော့ ရှိနေတာပဲ၊ ဒီလိုအကြောင်းကံဟာ အင်မတန် ဝန်လေးတဲ့ကံပဲ။ ဒီကံရဲ့အကြောင်းကို မြတ်စွာဘုရားမှ သိမှာပဲ။ မြတ်စွာဘုရားထံရောက်မှ မေးမြန်းလျှောက်ထားကြမယ်လို့ ရည်ရွယ်ပြီးတော့ အဲဒီရဟန်းတော်တွေဟာ မြတ်စွာဘုရားထံသို့ ဆက်

mgyoe.com

လက်ပြီး လာခဲ့ကြပါတယ်။

**သဘော်သူကြီးကတော်လေး**

"ပြီးတော့ အခြားရဟန်းတော်တစ်စုကလည်း ပင်လယ်ခရီးဖြင့် မြတ်စွာဘုရားထံ ဖူးမြော်ဖို့ရန် ကြွလာကြပါတယ်။

"အဲဒီဝတ္ထုထဲမှာ ပင်လယ်ခရီးဖြင့် ရဟန်းတော်တွေ ကြွလာကြတယ်ဆိုတဲ့စကားကို ထောက်ဆလျှင် မြတ်စွာဘုရား၏ လက်ထက်တော်အခါကလည်း မြတ်စွာဘုရား၏ ဗုဒ္ဓသာသနာတော်ကြီးဟာ ပင်လယ်ခရီးဖြင့် သွားရမည့်နေရာဌာနတွေ တော်တော်နှံ့နှံ့ပြန့်ပြန့် ရောက်နေတယ်ဆိုတဲ့အဓိပ္ပာယ်တွေ ပေါ်ပေါက်နေပါတယ်။

"အဲဒီလို ပင်လယ်ကိုဖြတ်သန်း၍ လာကြတဲ့အခါမှာ သူတို့စီးလာတဲ့ ရွက်သဘော်က သမုဒ္ဒရာပင်လယ်ထဲမှာ မလှုပ်မယှက် ရပ်တန့်နေပါတယ်တဲ့။ ထိုအခါမှာ သဘော်သားတွေက တစ်စုံတစ်ခုနဲ့ တိုက်မိပြီး ငြိတွယ်နေလို့ ရပ်တန့်နေတာလေလားလို့ စမ်းသပ်ရှာဖွေကြည့်ကြတော့ ဘာနှင့်မှ တိုက်ခိုက်ငြိတွယ်ခြင်းမရှိဘဲ အလိုလိုပင် ရပ်တန့်နေကြောင်းကို တွေ့ကြရပါတယ်။ ဒီတော့ လူတွေက 'ဒို့သဘော်ပေါ်က လူထဲမှာ ကံဆိုးတဲ့ ကာလကဏ္ဏီခေါ် သူယုတ်မာတစ်ယောက်တော့ ဧကန်ပါနေပြီ။ သူယုတ်မာ မဲချကြစို့ရဲ့' လို့ ဒီလို တိုင်ပင်ပြီးတော့ သူယုတ်မာမဲ၊ ကံဆိုးမဲ ချကြပါတယ်။ အဲဒီလို ကံဆိုးမဲချတဲ့အခါမှာ သဘော်သူကြီးကတော်ကို မဲကျနေပါတယ်။ ဒီတော့ သဘော်သူကြီးကို ငဲ့ပြီးတော့ 'ဒို့မဲချနေတာ နေရာမကျသေးဘူး၊ မသေချာသေးဘူး၊ အဲဒါကို ထပ်ပြီးတော့ ပြင်ချကြဦးစို့' လို့ဆိုပြီး သုံးကြိမ်တိုင်တိုင်ပြင်ပြီး ချကြပါတယ်။ သုံးကြိမ်လုံးပင် သဘော်သူကြီးကတော်ချည်း ထပ်ခါထပ်ခါ ကျနေပါသတဲ့။

"ဒီတော့ လူတွေက 'ဘယ့်နှယ့်လုပ်ရမလဲ' ဆိုတဲ့အနေနဲ့ သဘော်သူကြီး၏ မျက်နှာကို ကြည့်ကြပါတယ်။ သဘော်သူကြီးက 'ဒီကိစ္စဟာ အများနဲ့ဆိုင်ပါတယ်။ သူတစ်ယောက်အတွက်နဲ့ အများကို သေကျေ

mgyde.com

mgyoe.com


ပျက်စီးစေဖို့ကတော့ မသင့်ပါဘူး။ ဒါကြောင့် သဘော်ထုံးစံအတိုင်း သူ့ကို ရေထဲပစ်ချကြပါ’လို့ အခွင့်ပြုလိုက်ပါတယ်။ သဘော်သားတွေက ရေထဲပစ်ချဖို့ ဆွဲငင်ကြတဲ့အခါမှာ အဲဒီသဘော်သူကြီးကတော်က သေရမှာ ကြောက်ရွာလွန်းလို့ သည်းထန်စွာ ငိုကြွေးမြည်တမ်းပါတယ်။ အဲဒီလို ငိုကြွေးမြည်တမ်းတဲ့အသံကို သဘော်သူကြီးက ကြားရတော့ ‘ဒီမိန်းမရဲ့ကိုယ်က အဝတ်တန်ဆာတွေဟာ ရေထဲမှာ အလကားပျက်စီးကုန်တော့မယ်။ သူ့ကိုယ်က အဖိုးထိုက်အဖိုးတန် အဝတ်တန်ဆာတွေ အကုန်ဖြုတ်ပြီးတော့ အဝတ်ကြမ်းကလေးတစ်ထည်သာ ဝတ်ပေးကြရမယ်။ ပြီးတော့ ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ သူပေါ်နေတာကို ငါမကြည့်ရက်ဘူး။ အဲဒါကို မြင်ရလျှင် ငါ့မှာ အများကြီးစိတ်မချမ်းမသာဖြစ်နေဦးမယ်။ ဒါကြောင့် ဒီလိုမမြင်ရအောင် သူ့လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ပစ်ချကြပါလို့’ လို့ သဘော်သူကြီးက အမိန့်ပေးပါတယ်။ ဒီတော့ သဘော်သားတွေက အဲဒီအမိန့်အတိုင်းပဲ သဘော်သူကြီးကတော်အမျိုးသမီးကို အဝတ်ကြမ်းတစ်ထည်မျှနှင့် လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ပင်လယ်ထဲ ပစ်ချလိုက်ကြပါတယ်။ ဒီလို ပစ်ချလိုက်သည်နှင့် တစ်ပြိုင်နက် သဘော်ဟာ ပစ်လိုက်တဲ့မြားများလို တစ်ဟုန်တည်းထိုးပြီးတော့ ပြေးသွားပါတယ်တဲ့။

“အဲဒါကို တွေ့မြင်ကြရတဲ့ ရဟန်းတော်တွေကလည်း မြတ်စွာဘုရားအား လျှောက်ထားဖို့ရာ စဉ်းစားပြီးတော့ လာခဲ့ကြပါတယ်။

### ရဟန်းတော်ခုနစ်ပါး

“နောက်ပြီးတော့ ခုနစ်ပါးအရေအတွက်ရှိတဲ့ အခြားရဟန်းတော်တစ်စုကလည်း မြတ်စွာဘုရားထံ ဖူးမြော်ကန်တော့ရန် လာခဲ့ကြရာလမ်းခရီးအကြားမှာ ကျောင်းတိုက်တစ်ခုကို တည်းခိုဖို့ ဝင်ရောက်ကြပါတယ်။ အဲဒီကျောင်းတိုက်မှာ အားလပ်နေတဲ့ လိုဏ်ဂူကြီးတစ်ခုထဲမှာ တည်းခိုနေထိုင်ကြဖို့ ကျောင်းနေ ရဟန်းတော်များက နေရာချထားပေးပါတယ်။

mgyoe.com

mgyoe.com

ဒါကြောင့် အာဂန္တုရဟန်းတော် ခုနစ်ပါးဟာ အဲဒီလိုဏ်ဂူကြီးထဲမှာ သီတင်းသုံးနေကြပါတယ်။

"ဒီလို သီတင်းသုံးနေခိုက် ညဉ့်အခါမှာ အိမ်အထွတ်လောက်ရှိတဲ့ ကျောက်တုံးကြီးတစ်ခုက တောင်ကမ်းပါးယံမှ ပဲ့ကျလာပြီးတော့ အဲဒီ လိုဏ်ဂူရဲ့အဝမှာ ပိတ်ဆို့ပြီးနေပါတယ်။ ဒီတော့ ကျောင်းနေရဟန်းတော် များက အနီးပတ်ဝန်းကျင်ရှိ ရွာပေါင်းခုနစ်ရွာမှ လူများကို ဖိတ်ခေါ် ပြီးတော့ အဲဒီကျောက်တုံးကြီးကို ဖယ်ရှားဖို့ တွန်းကြဆွဲကြနှင့် အားထုတ် ကြပါတယ်။ ဒီလို ခုနစ်ရက်ပတ်လုံး လူထုအင်အားနှင့်ဖယ်ရှားဖို့ အားထုတ်နေကြသော်လည်း ကျောက်တုံးကြီးကတော့ လှုပ်လို့ရွေ့လို့ မရဘဲ ရှိနေပါတယ်တဲ့။ ဒါကြောင့် အတွင်းမှာပိတ်မိနေတဲ့ အာဂန္တု ရဟန်းတော် ခုနစ်ပါးမှာ ဆွမ်းလည်းမဘုဉ်းပေးရ၊ ရေလည်း မသောက်ရ ဘဲနဲ့ ခုနစ်ရက်ပတ်လုံး ဒုက္ခရောက်နေကြပါတယ်။ ခုနစ်ရက်စေ့တဲ့ အခါကျတော့ အဲဒီကျောက်တုံးကြီးက သူ့ဟာသူ အလိုလိုလိမ့်ကျ သွားပြီးတော့ လိုဏ်ဂူအပေါက်ပွင့်သွားပါတယ်။

"အဲဒီ ထူးထူးဆန်းဆန်း ဒုက္ခရောက်ပုံကို ကိုယ်တွေ့ခံစားကြရတဲ့ အာဂန္တုရဟန်းတော် ခုနစ်ပါးဟာလည်း မိမိတို့ ကြုံတွေ့ရပုံကို မြတ်စွာ ဘုရားထံ လျှောက်ထားဖို့ နှလုံးသွင်းပြီးတော့ အဲဒီက ထွက်ခွာလာခဲ့ကြ ပါတယ်။

"အဲဒီလိုလျှောက်ထားဖို့ အကြောင်းထူးအသီးသီးနှင့် လာခဲ့ကြတဲ့ ရဟန်းတော်အဖွဲ့ သုံးစုဟာ မြတ်စွာဘုရားထံ တစ်ပေါင်းတည်းဆုံပြီး ရောက်လာကြပါတယ်။ မိမိတို့ တွေ့ကြုံလာခဲ့တဲ့ အကြောင်းထူးများ ကိုလည်း မြတ်စွာဘုရားအား လျှောက်ထားပြီးတော့ အကြောင်းကံကို လည်း မေးလျှောက်ကြပါတယ်။ ဒီတော့မြတ်စွာဘုရားက အဲဒီအကြောင်း အရာတွေဟာ ခံစားရတဲ့ပုဂ္ဂိုလ်တွေကိုယ်တိုင် ပြုခဲ့တဲ့ ရှေးကံ၏ အကျိုး များဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြတော်မူတယ်။

mgyoe.com

mgyoe.com


ကျီးရဲ့အတိတ်ကံ

"ရှင်းလင်းပြပုံကတော့ အဲဒီဒုက္ခတွေ့ရတဲ့ သုံးဦးထဲက မီးလောင်ခံရတဲ့ကျီးဟာ ရှေးတစ်ခုသောဘဝက လယ်သမားဖြစ်ခဲ့လို့ နွားတစ်ကောင်ကို ဝန်ရုန်းခိုင်းဖို့ ထမ်းပိုးကျင့်ခဲ့ပါတယ်။ အဲဒီလို ထမ်းပိုးကျင့်တဲ့အခါမှာ နွားက နွားဆိုးနွားပေဖြစ်နေလို့ ခဏလောက်သွားလိုက်ရင်း ဝပ်နေလိုက်ရင်း၊ ခဏလောက်သွားလိုက်ရင်း ဝပ်နေလိုက်ရင်းဖြင့် ဒီလို ခဏခဏ ဝပ်နေဖန်များလာတော့ အဲဒီလယ်သမားက အလွန်စိတ်ဆိုးလာပါတယ်။ ဒါကြောင့် သူက နွားရဲ့လည်ပင်းမှာ ကောက်ရိုးတွေနဲ့ ရစ်ပတ်ပြီးတော့ 'ဒီလောက် ဝပ်ချင် အိပ်ချင်တဲ့နွား တစ်ခါတည်း ချမ်းသာစွာ အိပ်ပေတော့' လို့ဆိုပြီး မီးနဲ့ရှို့လိုက်ပါသတဲ့။ အဲဒီနွားခမျာလည်း အဲဒီနေရာမှာပဲ မီးလောင်ပြီး သေသွားရရှာပါသတဲ့။ အဲဒီလယ်သမားဟာ ထိုအကုသိုလ်ကံကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ငရဲမီးအလောင်ခံရပြီးတော့ အဲဒီငရဲက လွတ်လာတဲ့အခါမှာလည်း အဲဒီအကုသိုလ်ကံကြွင်းကြောင့် ကျီးဖြစ်ပြီးတော့ ခုနစ်ဘဝတိုင်တိုင် ဒီလိုပဲ မီးလောင်ပြီး သေရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူပါတယ်။

သင်္ဘောသူကြီးကတော်၏ အတိတ်ကံ

"ပြီးတော့ ပင်လယ်ထဲပစ်ချခံရတဲ့ သင်္ဘောသူကြီးကတော်ကတော့ ရှေးတစ်ခုသောဘဝက အိမ်ရှင်မအမျိုးသမီး ဖြစ်ခဲ့ပါတယ်။ အဲဒီအိမ်မှာ သူ့ကို အင်မတန် ခင်မင်နေတဲ့ ခွေးတစ်ကောင်ရှိပါတယ်တဲ့။ အဲဒီခွေးက အင်မတန် ခင်မင်နေတဲ့အတွက် အိမ်ရှင်မ သွားလေရာရာကို အမြဲလိုက်နေပါတယ်။ အဲဒီလို ခွေးက နောက်မှအတူတကွ တကောက်ကောက်လိုက်နေတာကို မြင်ကြရတော့ အရပ်ထဲကလူတွေက 'ဟဲ့ ခွေးမုဆိုး၊ တောသွားပြီ၊ ဒီကနေ့ ဒို့ အမဲသားရလိမ့်မည်' စသည်ဖြင့် သရော်ကြပြောင်လှောင်ကြပါသတဲ့။ ဒါကြောင့် အဲဒီအမျိုးသမီးလည်း ရှက်တာနဲ့

mgyoe.com

mgyoe.com


ခွေးကို သူ့အနားမလာအောင် ခဲနဲ့ပစ် တုတ်နဲ့ရိုက်ပြီး အမျိုးမျိုးခြောက် ပါတယ်။ ဘယ်လိုပဲရိုက်သော်လည်း ခွေးကတော့ မေတ္တာမပျက်ရှာဘူး။ သူ့နောက်ကို လိုက်မြဲလိုက် လာမြဲလာနေတာပါပဲတဲ့။

"ဒါနဲ့ တစ်နေ့သဉ္စတော့ အဲဒီအမျိုးသမီးက ခွေးကို အသာတကြည် ခေါ်လိုက်ပါတယ်။ ခွေးကလည်း ဒီလိုအသာတကြည်ခေါ်တာကိုကြား ရတော့ ဝမ်းပန်းတသာနဲ့ အမြီးနှန့်ပြီး ချည်းကပ်လာပါတယ်။ ဒီတော့ လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ခွေးကို ရေထဲတွန်းချလိုက်ပါတယ်။ ခွေးခမျာမှာ ရေထဲနစ်ပြီး သေရရှာပါရောတဲ့။ အဲဒီမကောင်းမှု အကုသိုလ် ကံကြောင့် ဒီအမျိုးသမီးဟာလည်း ငရဲမှာ နှစ်ပေါင်းများစွာ ခံရပြီးတော့ ငရဲက လွတ်လာတဲ့အခါမှာလည်း အဲဒီအကုသိုလ်ကံကြွင်းကြောင့် ဘဝ ပေါင်းတစ်ရာတိုင်တိုင် ယခုလို လည်ပင်းမှာ သဲအိုးဆွဲပြီး ရေထဲပစ်ချခြင်း ခံရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြား တော်မူပါတယ်။

## ရဟန်းတော်ခုနစ်ပါး၏အတိတ်ကံ

"နောက်ပြီးတော့ လိုဏ်ဂူထဲ အပိတ်ခံရတဲ့ ရဟန်းတော်ခုနစ်ပါး ကိုလည်း 'ချစ်သားရဟန်းတို့၊ သင်တို့လည်း မိမိတို့ပြုခဲ့တဲ့ မကောင်းမှု၏ အကျိုးကို ခံစားကြရပေသည်' လို့ မိန့်တော်မူပြီးတော့ ရှေးအတိတ် အကြောင်းကို ထုတ်ဖော်ပြီး ပြတော်မူပါတယ်။

"ချစ်သားတို့ သင်တို့ခုနစ်ဦးဟာ ရှေးကာလ တစ်ခုသောဘဝက ဗာရာဏသီမြို့နယ်မှာ နွားကျောင်းသား ကလေးသူငယ်များဖြစ်ခဲ့ကြ တယ်။ အဲဒီနွားကျောင်းသား ကလေးသူငယ်ခုနစ်ယောက်ဟာ အတူတကွ စုပေါင်းပြီးတော့ နွားများကို ထိန်းကျောင်းနေကြရာ တစ်နေ့သောအခါမှာ ဖွတ်ကြီးတစ်ကောင်ကို တွေ့သဖြင့် အဲဒီဖွတ်ကြီးကို လိုက်ကြတယ်။ ဖွတ်ကြီးက တောင်ပို့ထဲ ဝင်သွားတဲ့အခါမှာ နွားကျောင်းသားခုနစ် ယောက်ဟာ သဘောတူတိုင်ပင်ပြီး တောင်ပို့ကြီး၏ အပေါက်ခုနစ်ခုကို

mgyoe.com

mgyoe.com


အသီးသီး ပိတ်ဆို့ထားခဲ့ကြပါတယ်။ နောက်ရက်မှာ အဲဒီတောင်ပို့ကို တူးပြီး ဖွတ်ကြီးကိုဖမ်းဖို့ ရည်ရွယ်ထားကြသော်လည်း နောက်ခုနစ်ရက် အတွင်းမှာ အခြားနွားစားကျက်များသို့ အလှည့်ကျပြီး သွားကြရပါတယ်။

"ခုနစ်ရက်မြောက်လို့ အဲဒီနွားစားကျက်ကို ပြန်ရောက်လာကြတဲ့အခါမှာ ဖွတ်ကြီးကို သတိရပြီးတော့ တောင်ပို့မှ အပိတ်အဆို့များကို ဖွင့်ကြည့်ကြပါတယ်။ အဲဒီတော့ ခုနစ်ရက်တိုင်တိုင် အစာရေစာ မစားသောက်ရလို့ အင်မတန် ဆာလောင်မွတ်သိပ်ပြီး ပိန်ချုံးနေရှာတဲ့ ဖွတ်ကြီးဟာ ဆာလောင်ရှာလွန်းလို့ ကိုယ့်အသက်ကိုတောင် မငဲ့ကွက်တော့ဘဲ တုန်တုန်ချည့်ချည့်နဲ့ ထွက်လာရှာတယ်။ ဒီလိုအရိုးအရည်မျှ ပိန်းချုံးပြီး တုန်တုန်ချည့်ချည့်နှင့် ထွက်လာတာကိုမြင်ရတော့ ကလေးတွေပေမယ်လို့ သူတို့မှာ သနားတဲ့စိတ် ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့် သူတို့က 'အေးကွာ သူ့ခမျာ ခုနစ်ရက်တောင်မှ အစာငတ်ရေငတ် ဖြစ်နေရှာတယ်၊ သနားစရာကောင်းပါတယ်၊ ဘယ့်နှယ်မှ မလုပ်ကြ မသတ်ကြပါနဲ့ဟ' လို့ ဆိုပြီးတော့ ဖွတ်ကြီးရဲ့ကျောကုန်းကို လက်နဲ့ သာသာယာယာ ပွတ်သပ်ပြီး 'ကဲ… မင်းအလိုရှိရာ ချမ်းချမ်းသာသာ သွားပေတော့' လို့ ဆိုပြီး ဘေးမဲ့လွှတ်လိုက်ကြပါတယ်။

"အဲဒီနွားကျောင်းသား ကလေးသူငယ်များမှာတော့ ဖွတ်ကြီးကို မသတ်တဲ့အတွက် ပါဏာတိပါတာ အကုသိုလ်ကံ မမြောက်ဘူး။ ဒါကြောင့် သူတို့မှာ ငရဲကိုတော့ မကျရဘူး။ ဒါပေမဲ့ ဖွတ်ကြီးကို တောင်ပို့ထဲမှာ ခုနစ်ရက်တိုင်တိုင် ပိတ်ထားခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် ယခုနောက်ဆုံးဘဝမှာလည်းပဲ တောင်ခေါင်းထဲမှာ သူ့အလိုလိုပိတ်ပြီးတော့ ခုနစ်ရက်တိုင်တိုင် အစာငတ်ရေငတ်နဲ့ တစ်ဆယ့်လေး ဘဝတိုင်တိုင် ဆင်းရဲဒုက္ခကို ခံစားကြရတဲ့အကြောင်းကို မြတ်စွာဘုရားက ရှင်းလင်းထုတ်ဖော်ပြီး ဟောကြားတော်မူခဲ့ပါတယ်။

* * *

mgyoe.com

## ကုသိုလ်ကံအကျိုးပေးပုံသာဓက

**ဃောသကသူဌေးကြီး**

ကောသမ္ဗီပြည်၌ ပြည့်တန်ဆာမတစ်ဦးဝယ် သားတစ်ယောက် ဖွား၍ ဖွားလျှင်ဖွားချင်း တံမြက်ချေးစွန့်ရာအရပ်၌ ပစ်ထား၏။ ထိုသို့ ပစ်ထားသည်ကို လူတစ်ယောက်ကတွေ့၍ သားအမှတ်ဖြင့် ကောက်ယူ မွေးထား၏။

ကောသမ္ဗီသူဌေးကြီးသည်လည်း ထိုနေ့ညနေ ဘုရင်၏ညီလာခံ တွင် ပုရောဟိတ်နှင့်တွေ့၍ ယနေ့တွေ့ကြုံသော နက္ခတ်အကြောင်း ကောင်းမကောင်း မေးမိရာ ပုရောဟိတ်က နက္ခတ်ကောင်းကြောင်း ယနေ့ဖွားသူသည် ဤကောသမ္ဗီပြည်၌ သူဌေးကြီးဖြစ်လတ္တံ့ဟု ပြောပြ လိုက်၏။ ကောသမ္ဗီသူဌေးကြီးလည်း မိမိ၏ သူဌေးကတော်၌ ကိုယ်ဝန် အရင့်အမာရှိနေ၍ ယနေ့ဖွားပါစေဟု ဆုတောင်းရင်း အိမ်ပြန်လာခဲ့ရာ သူဌေးကတော်ကား ထိုနေ့မဖွားပေ။

သို့ဖြစ်၍ ထိုနေ့ဖွားသူ သူငယ်ကို လိုက်လံရှာဖွေရာ အထက်ပါ ပြည့်တန်ဆာမ၏သားကို တွေ့၍ ငွေတစ်ထောင်ပေးပြီး ဝယ်ယူကာ ငါ၏သူဌေးကတော်၌ သမီးမွေးလျှင် ဤသူငယ်နှင့် ထိမ်းမြားအံ့၊ သားမွေးလျှင် ဤသူငယ်ကို သတ်အံ့ဟု ကြံစည်လျက် ဃောသကဟု နာမည်ပေး၍ မွေးထားလေ၏။

သူငယ်ကိုမွေးပြီး လေးငါးရက်အရတွင် သူဌေးကတော်၌ သား ယောကျာ်းလေး ဖွားခဲ့လေ၏။

**ပထမအကြိမ်သတ်စေခြင်း**

ကောကမ္ဗီသူဌေးကြီးသည် မိမိရည်ရွယ်ချက်အတိုင်း ဃောသက သတို့သားကို နွားခြံတံခါးဝ၌ နွားများထွက်ချိန် သွား၍ထားချေ၊ သေမသေလည်း ကြည့်ခဲ့ဟု လူယုံအထိန်းမိန်းမကို သေချာစွာ မှာကြား၍ ခိုင်းလေ၏။ အထိန်းမိန်းမလည်း မှာတိုင်း ပြုလုပ်လေ၏။ နွားလား

mgyoe.com

mgyoe.com

ဥသဘကြီးသည် သူငယ်မသေစိမ့်သောငှာ သူငယ်ကို မထိပါးရအောင် သူငယ်အထက်က ခွ၍ စောင့်ရှောက်ထားလေ၏။ ထိုအချင်းအရာကို နွားကျောင်းသားမြင်၍ သားအမှတ်ဖြင့် ကောက်ယူသွားလေရာ ကောသမ္ဗီသူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်၍ ဝယ်ယူပြန်လေ၏။

## ဒုတိယအကြိမ်

ဒုတိယအကြိမ် အထက်ပါအတိုင်း သုသာန်တစ၌ သွား၍ပစ်ထား၏။ ထိုအခါ သုသာန်ထဲရှိ ဆိတ်မကြီးတစ်ကောင်က လာ၍နို့တိုက်၏။ ထိုအချင်းအရာကို ဆိတ်ကျောင်းသားမြင်လျှင် သားအမှတ်ဖြင့် ကောက်ယူလေရာ ကောသမ္ဗီသူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်၍ဝယ်ယူပြန်လေ၏။

## တတိယအကြိမ်

လှည်းပေါင်း ၅၀၀ လာရာ လှည်းလမ်းမ၌ သွား၍ ချထား၏။ သူငယ်ကို ပထမဆုံးတွေ့သော လှည်းမှ နွားတို့လန့်၍ နောက်ဆုတ်ကြရာ လှည်းသမားမြင်၍ သားအမှတ်ဖြင့် ကောက်ယူသွားလေ၏။ သူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်၍ ဝယ်ပြန်၏။

## စတုတ္ထအကြိမ်

မြို့နှင့်မနီးမဝေး တောင်ကမ်းပါးပြတ်မှ ပစ်ချစေရာ ဝါးချုံကြီးတစ်ခုပေါ်၌ကျ၍ ကျူထရံသည်သားအဖ မြင်ကာ ကောက်ယူပြန်၏။ သူဌေးကြီးက ငွေတစ်ထောင်ပေးပြီး လိုက်ဝယ်ပြန်၏။

လေးကြိမ်တိုင် သတ်၍မသေဘဲနေမှ သူဌေးကြီးသည် ဃောသကကို မိမိသားနှင့်အတူ မွေးမြူလေ၏။ သူငယ်နှစ်ယောက်ကား ညီအစ်ကို အရင်းပမာ ချစ်ခင်ကြ၏။ သို့သော် သူဌေးကြီးသည် ဃောသကကို ပညာသင်၍ မပေးပေ။ ဤသို့ဖြင့် အရွယ်ရောက်၍လာလေသည်။

mgyoe.com

mgyoe.com

**ပဉ္စမအကြိမ်**

သူဌေးကြီးသည် အိုးထိန်းသည် (အိုးလုပ်သူ) တစ်ယောက်ထံ သွားပြီး မိမိ၏ သားယုတ်မာတစ်ယောက်ကို အိုးဖုတ်သောအထဲ၌ ထည့်၍ သတ်ပေးပါဟု ပြောဆိုကာ ငွေတစ်ထောင်ပေးပြီး အချိန်းအချက်ပြုလုပ်၍ ဃောသကအား အိုးထိန်းသည်ထံ လွှတ်လိုက်လေ၏။ ဃောသကလည်း သူဌေးကြီးအမိန့်အရ အိုးထိန်းသည်အိမ်သို့ လာခဲ့ရာ လမ်းတွင် ဂုံညင်းထိုးတမ်းကစားနေသော မိမိ၏ညီ (သူဌေးကြီး၏ သားရင်း) နှင့် တွေ့၍ သားအရင်းက မိမိမှာ ဂုံညင်းထိုးရာ၌ ရှုံးနေသဖြင့် ကူပြီးထိုးပေးရန် ပြောလေ၏။ ဃောသက, က အိုးထိန်းသည် အိမ်သို့ ဖခင်သူဌေးကြီးက ခိုင်းထား၍ သွားရမည်ဖြစ်ကြောင်း ပြောရာ သားရင်းက မိမိသွားမည် ဂုံညင်းသာ ကူပြီး နိုင်အောင် ထိုးထားနှင့်ပါဟုဆိုကာ အလုပ်ချင်းလဲ၍ သားအရင်းက အိုးထိန်းသည်အိမ်သွားလေ၏။ ရောက်လျှင် အိုးထိန်းသည်အား မိမိသည် ကောသမ္ဗီသူဌေးကြီး၏ သားဖြစ်ကြောင်း၊ ယခု လွှတ်လိုက်၍ လာရကြောင်း ပြောပြရာ အိမ်ထဲခေါ်ကာ သတ်၍ နုပ်နုပ်စဉ်းပြီး အိုးဖုတ်သော အိုးဖိုထဲ၌ ထည့်သွင်းမီးတိုက်လိုက်လေ၏။ ညနေတွင် ဃောသကသည် အိမ်သို့ပြန်လာရာ သူဌေးကြီးက အိုးထိန်းသည်ထံ ရောက်ခဲ့၏လောဟုမေးမှ အကြောင်းစုံကို ပြောပြ၍ သူဌေးကြီးမှာယူကျုံးမရ ဖြစ်သွားရလေ၏။

**ဆဋ္ဌမအကြိမ်**

သူဌေးကြီးလည်း ဃောသကအတွက် မိမိသားရင်း သေရသည်ဟု အပြစ်တစ်ခု ထပ်ဆင့်တိုးကာ ဃောသကအပေါ်၌ ရှေးကထက် ပိုမို အမျက်ထားလာလေ၏။ သတ်ရန်ကိုသာ မလျှော့သောလုံ့လဖြင့် ကြံနေလေ၏။ သို့ဖြစ်၍ တစ်နေ့၌ တောနယ် (ဇနပုဒ်)ရှိ မိမိ၏ အမှုလုပ်ငယ်သားတစ်ဦးထံ သွားရန် ဃောသကအား စေလွှတ်လိုက်လေ၏။ ထိုသို့စေလွှတ်ရာ၌ စာရေးပြီး ပေးလိုက်၏။ ဤစာကို ရှိသေစွာပုဆိုး

mgyoe.com

စွန်၍ ထုပ်ပြီးယူသွားလေ၊ မည်သူ့အားမျှ မပြလေနှင့်ဟု မှာလိုက်၏။ ထို့ပြင် ရိက္ခာအတွက် လမ်းခရီးတွင် ငါ၏မိတ်ဆွေ တောသူဌေးတစ်ဦး ရှိသည်၊ ၎င်းအိမ်၌ ဝင်ပြီး တည်းခိုနားနေ စားသောက်လေ၊ ငါ၏သားဟု ပြောလျှင် ကျွေးမွေးပြုစုလိမ့်မည်ဟု မှာလိုက်၏။ ဃောသကလည်း သူဌေးကြီး၏ အမိန့်အတိုင်း စာကိုယူ၍ လာခဲ့လေ၏။ စာကား ဘာစာ ဟူ၍မသိပေ။ (ဃောသကမှာ ငယ်စဉ်က စာမသင်ခဲ့ရ၍ စာမတတ်ပေ။) ဃောသကသည် လမ်း ခရီး တောသူဌေးအိမ်ရောက်၍ ဝင်ရောက်ပြောဆို နားနေရင်း ထမင်း စားပြီး တစ်ရေးတစ်မော အိပ်နေလေ၏။ ထိုတော သူဌေးတွင် သမီးပျိုရှိ၏။ ထိုသမီးပျိုသည် ဃောသကဟူသော အသံကို ကြားရုံနှင့် ချစ်ခင်ခြင်းဖြစ်ကာ ရုပ်ကိုလာကြည့်၏။ အိပ်နေသည်ကို တွေ့ရ၏။ ပုဆိုးစွန်၌ ထုပ်ထားသောစာကို တိတ်တိတ် အိပ်ပျော်နေစဉ် ဖြေ၍ ဖတ်ကြည့်လေရာ အံ့အားသင့်သွား၏။ အကြောင်းမူကား စာတွင် 'ယခု ငါ့သား ဃောသကကို လွှတ်လိုက်သည်၊ ရောက်လျှင် သတ်လိုက်ရန် ဖြစ်သည်' ဟု ပါရှိနေသောကြောင့် ဖြစ်ပေ၏။ သူဌေးသမီးပျိုသည် 'တယ်မိုက်တဲ့သတ္တဝါပဲ၊ ကိုယ့်ကို သတ်တဲ့စာကို ယူလာတယ်' ဟု စဉ်းစားပြီး စာတစ်စောင်အသစ်ရေးကာ ထိုစာနှင့်လဲလှယ်၍ ပုဆိုးစွန်၌ ပြန်လည် ထုပ်ပေးထားလိုက်လေ၏။ အသစ်လဲလှယ်သော စာ၌ပါသည်ကား–

"ငါ၏သား ဃောသကရောက်လျှင် တောနယ်သူဌေး မည်သူ၏သမီးပျိုနှင့် မင်းက ကမကထပြုလုပ် ထိမ်းမြားပြီး မင်းထံ၌ပင် ၎င်းတို့ ဇနီးမောင်နှံကို ထိန်းသိမ်းကြည့်ရှုထား ပါလေ" ဟူ၍ ဖြစ်၏။

(မှတ်ချက်။ တောသူဌေးသမီးပျိုမှာ လွန်ခဲ့သော လေးဘဝမြောက်က ဃောသက၏ မယားဖြစ်ခဲ့ဖူး၏။)

ဃောသကလည်း အိပ်ရာမှနိုးလျှင် ခရီးဆက်သွားလေ၏။ ရောက်လျှင် စာကိုပြရာ သူဌေးကြီး၏ အမှုလုပ်သားလည်း အားရဝမ်းသာ

mgyoe.com

mgyoe.com


တောသူဌေးကို သမီးတောင်းပြီး ဃောသကလင်မယားကို မိမိထံ၌ပင် နေစေလေ၏။ ထိုအကြောင်းကို ကောသမ္ဗီပြည်က သူဌေးကြီးကြားလျှင် ထိုအခါမှစပြီး စိတ္တဇဝေဒနာဖြစ်ကာ အိပ်ရာထဲ၌ လဲခဲ့လေသည်။

သူဌေးကြီးသည် မိမိသေလျှင် မိမိ၏အမွေကို ဃောသကရမည် စိုး၍ မိမိသေခါနီး ဃောသကကိုခေါ်ယူရာ ဃောသက၏မယားက အတွင်းသိဖြစ်၍ သူဌေးကြီးရောဂါအခြေကို စုံစမ်းကာ သေခါနီးမှ လင်မယားနှစ်ယောက် လာခဲ့လေ၏။ သူဌေးကြီးသည် ဃောသကကို မြင်လျှင်–

"ငါ၏ ပစ္စည်းမှန်သမျှ ငါ၏သား ဃောသကကိုမပေး" ဟု ဆိုလိုလျက်နှင့် "မပေး" ဟု မဆိုဖြစ်ဘဲ "ပေး၏" ဟု ကယောင်ကတမ်းဆိုမိလေ၏။

ထိုအခါ ဃောသကမယားက အတွင်းသိဖြစ်၍ နောက်တစ်ကြိမ် မဆိုနိုင်အောင် လူးလိမ့်ပွတ်သပ် ငိုချလိုက်ရာ ထိုအခိုက် သူဌေးကြီး သေသွားလေ၏။

သူဌေးကြီးသေလျှင် သူဌေးကြီးရာထူးကို သားဖြစ်သူ ဃောသက အား ရှင်ဘုရင်ကခေါ်ပေး၍ သူဌေးကြီးဖြစ်လေ၏။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းဒါယိကာ ဃောသကသူဌေး ကြီးအကြောင်း ပြီး၏။

ထို့ကြောင့် ကံ ကံ၏အကျိုးကို ယုံကြည်ကြသောသူများ ဖြစ်ကြ သည့်အတိုင်း မိမိတို့လုပ်စရာရှိသည့် ကိစ္စတို့ကို အမျိုးနှင့် သာသနာ တော်ကြီး၏မျက်နှာကို ထောက်ထားပြီး ရဲရဲရင့်ရင့် သတ္တိရှိရှိ ပြောနိုင်၊ ဆိုနိုင်၊ ကြံစည်ကြိုးစားနိုင်၊ လုပ်နိုင်ကြပါစေ။

***

mgyoe.com

mgyoe.com

(၅) လူထုနှင့် အမြဲတမ်းကပ်နေပါ။

နိုင်ငံရေးသမား၏ အင်အားသည် လူထု၏ထောက်ခံမှုဖြစ်သည်။ ထို့ကြောင့် နှလုံးရည်တိုက်ပွဲဝင် ခေါင်းဆောင်ကြီးငယ် အသွယ်သွယ်တို့သည် ပြည်သူလူထုနှင့် အမြဲတမ်းကပ်နေရန် အရေးကြီးသည်။

လူထုနှင့် အမြဲတမ်းကပ်နေနိုင်ရန်အတွက် အခြားအချက်များထက် အောက်ပါအချက်များက ပိုပြီး အရေးကြီးသည်။

(က) ခေါင်းဆောင်တိုင်းသည် ကိုယ်ခေါင်းဆောင်ရသည့် ပြည်သူလူထုထက်ပိုပြီး သီလရှိရမည်။

(ခ) ပိုပြီး သတ္တိရှိရမည်။

(ဂ) ပိုပြီး သည်းခံစိတ်ရှိရမည်။

(ဃ) ပြည်သူလူထုနှင့် ဆက်ဆံရာတွင် မိမိကိုယ်ကို အစွမ်းကုန်နှိမ့်ချနိုင်ရမည်။ ရိုသေထိုက်သူကို အစွမ်းကုန် ရိုသေနိုင်ရမည်။

(င) အကြောင်းကြီးငယ် ပေါ်ပေါက်တိုင်း လူထုက အဖိတ်အခေါ်ကို စောင့်မနေပါနှင့်၊ အချိန်မီ လူထုရှေ့မှာ မားမားမတ်မတ်ရပ်နိုင်ရမည်။

(စ) ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် သဘောမျိုးနှင့် မိမိခေါင်းဆောင်ရသော လူထုနှင့် မကြာခဏ တွေ့ဆုံပါ၊ တိုင်ပင်ပါ၊ အခြေအနေကို ရှင်းပြပါ၊ ဆွေးနွေးပါ။

(ဆ) တိုင်ပင်ဆွေးနွေးသည့်အခါတွင် ခေါင်းဆောင်၏ အယူအဆသာလျှင် မှန်ရမည်ဟူသော သဘောထားမျိုး မရှိရ၊ လူထု၏ သဘောထားကိုလည်း လေးလေးစားစားနှင့် ကြားနာပြီး အများလက်ခံနိုင်သော အဖြေများကို ရအောင် အစွမ်းကုန် ညှိနှိုင်းရမည်။

(ဇ) လူထုသည် မိမိကို လက်ခံသည်၊ လက်မခံသည်ကို ခေါင်းဆောင်လုပ်သူသည် အမြဲတမ်း စုံစမ်းနိုင်ရမည်။ မိမိ၏

mgyoe.com

ခေါင်းဆောင်မှုအား လူထုက မကျေမနပ်ဖြစ်နေသည်ကို တွေ့ရလျှင် ၎င်းခေါင်းဆောင်သည် နှလုံးရည်တိုက်ပွဲ၏ အောင်မြင်ရေးကို ရှေးရှုပြီး မိမိနေရာမှ နုတ်ထွက်ပေးနိုင်ရမည်။ ဤသို့ နုတ်ထွက်ပေးပြီး အများက လက်ခံသော ခေါင်းဆောင်ပြန်ဖြစ်အောင် အလုပ်ဖြင့်လည်းကောင်း၊ အရည်အချင်းဖြင့်လည်းကောင်း ကြိုးစားရမည်။

(ဈ) ခေါင်းဆောင်တိုင်းသည် အချိန်မှန်ခြင်း၊ နှုတ်လုံခြင်း၊ အဖွဲ့အစည်း၏ ရန်ပုံငွေများကို တရားသဖြင့် ထိန်းသိမ်းခြင်း၊ တရားသဖြင့် သုံးစွဲခြင်း၊ ညွှန်ကြားချက်အတိုင်း လုပ်ရမည်ဆိုသည်ကို တိတိကျကျလုပ်ခြင်း၊ မလုပ်ရဆိုသည်ကို တိတိကျကျ ရှောင်ရှားခြင်း အစရှိသော စည်းကမ်းသေဝပ်မှုကို အထူးလေးစားရမည်။

ဥပမာ။ ။ နှလုံးရည်ဖြင့်သာ တိုက်ပွဲဝင်ရမည်၊ အကြမ်းဖက်မှုများကို လုံးဝရှောင်ရှားရမည်။

(ည) ဥပဒေနှင့် ဆန့်ကျင်ဘက်အမှုများကို လုံးဝ ရှောင်ရှားရမည်။

ဥပမာ။ ။ လက်နက်ကိုင်၍ တော်လှန်နေသောသူများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်သွယ်ခြင်း မရှိရ။ လိုင်စင်မရှိသော သေနတ် များကို မကိုင်ရ၊ သိမ်းမထားရ။

***

## (၆) အားကိုးရာအစစ် ရှိပါစေ။

မာရ်နတ်မင်း၏ ရန်ကို တွန်းလှန်ဖြိုခွင်းရာ၌ မြတ်စွာဘုရားသည် မည်သူ့ကိုမျှ အားမကိုး၊ မည်သည့်လက်နက်ကိုမျှလည်း မကိုင်ဆောင်၊ မည်သို့မျှလည်း အကြမ်းမဖက်။ မိမိကိုယ်တိုင် လေးသချေ်နှင့် ကမ္ဘာ

mgyoe.com


တစ်သိန်းဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်များကိုသာ အားကိုးသည်။

မြတ်စွာဘုရားသည် မည်သူ့ကိုမျှ အားမကိုးဘဲ၊ မည်သည့်လက်နက်ကိုမျှ မကိုင်ဆောင်ဘဲ၊ မည်သို့မျှ အကြမ်းမဖက်ဘဲ ရန်အပေါင်းကို မည်ကဲ့သို့ တွန်းလှန်ခဲ့သည်ကို စာဖတ်သူများ သဘောပေါက်နိုင်ရန် ဤနေရာတွင် အပြင်အောင်ခြင်းရှစ်ပါး ဂါထာများကို ဖော်ပြလိုပါသည်။

အပြင်အောင်ခြင်းရှစ်ပါး ဂါထာတော်များကို ဗုဒ္ဓဘာသာဝင်တိုင်း နေ့စဉ် တတ်နိုင်သလောက် ရွတ်ဖတ်ကြရန် အထူးတိုက်တွန်းလိုပါသည်။

ရွတ်ဖတ်လိုသူများ၏ အကျိုးအတွက် အပြင်အောင်ခြင်းရှစ်ပါး၏ အတ္ထုပ္ပတ္တိတို့ကိုလည်း အလွန်စိတ်ဝင်စားဖွယ်ရာ ရေးသားထားပါသည်။ ထိုအတ္ထုပ္ပတ္တိတို့ကို အကြိမ်ကြိမ်ဖတ်ခြင်းဖြင့် ကုသိုလ်ထူးများကို ရနိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်သည့်အတိုင်း ဂါထာတော်များကို အဆုံးတွင် ဆက်၍ ဖော်ပြလိုက်ပါသည်။

ဂါထာတော်များကို ရွတ်ဖတ်ကြသူများထဲမှ အောင်ခြင်းရှစ်ပါးကို ကဗျာနှင့် ရွတ်ဖတ်လိုသူများအတွက် ကဗျာများကိုလည်း အတ္ထုပ္ပတ္တိများ၏ အဆုံးတွင် ဆက်၍ ဖော်ပြထားပါသည်။ ထိုကဗျာများကို လူများများနှင့် သံပြိုင်ဆိုနိုင်ကြလျှင် အလွန်သာယာနာပျော်ဖွယ် ဖြစ်ပါလိမ့်မည်။

အလွတ်ကျက်မှတ်လိုသူများအတွက် ကဗျာအတိုကလေးများကိုလည်း ကဗျာအရှည်များ၏အဆုံးတွင် ဆက်၍ ဖော်ပြထားပါသည်။

## အပြင်အောင်ခြင်းရှစ်ပါးပါဠိ

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁။ ဗာဟုံသဟဿ, မဘိနိမ္မိတသာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတ ဃောရသသေနမာရံ၊
ဒါနာဒိ ဓမ္မဝိဓိနာဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

၂။ မာရာတိရေက မဘိ ယုဇ္ဈိတ သဗ္ဗရတ္တိံ၊

mgyoe.com

mgyoe.com


ဃောရံ ပနာဠဝက, မက္ခမ, ထဒ္ဓ, ယက္ခံ။
ခန္တီသုဒန္တ ဝိဓိနာဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။
၃။ နာဠာဂိရိံ ဂဇဝရံ အတိမတ္တဘူတံ၊
ဒါဝဂ္ဂိစက္က မသနီဝသု ဒါရုဏန္တံ။
မေတ္တမ္ဗုသေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။
၄။ ဥက္ခိတ္တ, ခဂ္ဂ, မဘိဟတ္ထ သုဒါရုဏန္တံ၊
ဓာဝံ တိယောဇန ပထင်္ဂုလိ မာလဝန္တံ။
ဣဒ္ဓီဘိ သင်္ခတမနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေဇယမင်္ဂလဂ္ဂံ။
၅။ ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယံ၊
စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။
၆။ သစ္စံ ဝိဟာယ အတိသစ္စက ဝါဒကေတုံ၊
ဝါဒါဘိရောပိတ မနံ အတိ အန္ဓဘူတံ။
ပညာပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။
၇။ နန္ဒော ပနန္ဒဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊
ပုတ္တေနထေရ ဘုဇဂေန ဓနာပယန္တော။
ဣဒ္ဓူပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။
၈။ ဒုဂ္ဂါဟ ဒိဋ္ဌိ ဘုဇဂေန သုဒဋ္ဌ ဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊

mgyoe.com

mgyoe.com

တံ တေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။

## အပြင်အောင်ခြင်းရှစ်ပါးမြန်မာပြန်

၁။ ဂိရိမေခလာအမည်ရှိသော ဆင်ကို တက်စီးလျက် အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွ လက်ရုံးပေါင်း တစ်ထောင်ရှိ၍ ကြမ်းတမ်းခက်မာ စစ်သည်ဗိုလ်ပါနှင့်တကွသော မာရ်နတ်သားကို မြတ်စွာဘုရားသည် ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ မာရ်နတ်သားကို အောင်တော်မူသော မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သော အောင်ခြင်းမင်္ဂလာ ဖြစ်စေသတည်း။

၂။ မာရ်နတ်သားထက် ကဲလွန်စွာ ညဥ့်သုံးယံပတ်လုံး အလွန်စစ်ထိုးနိုင်၍ ကြောက်မက်ဖွယ်ရာရှိသည့်အပြင် သူတစ်ပါးတို့သည်းခံနိုင်ခဲသော ကြမ်းတမ်းခက်မာသည့် အာဠာဝက အမည်ရှိသော ဘီလူးကို မြတ်စွာဘုရားသည် သည်းခံတော်မူခြင်း၊ ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်းတည်းဟူသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ အာဠာဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သော အောင်ခြင်းမင်္ဂလာ ဖြစ်စေသတည်း။

၃။ တောမီး မိုးကြိုးစက်ကဲ့သို့ အလွန်ကြမ်းကြုတ်အမှန်ယစ်လျက်ရှိသော နာဠာဂိရိ မင်းစီးဆင်ကို မြတ်စွာဘုရားသည် မေတ္တာတော်ရေကို သွင်းခြင်းတည်းဟူသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သောအောင်ခြင်း

mgyoe.com

မင်္ဂလာဖြစ်စေသတည်း။

၄။ သန်လျက် လက်ကမချဘဲ အလွန်ကြမ်းကြုတ်လေ့ရှိ၍ သုံးယူဇနာခရီးကို တစ်ဟုန်တည်းပြေးစွမ်းနိုင်သော လက်ညှိုး ပန်းကုံးရှိသော ခိုးသူကို မြတ်စွာဘုရားသည် တန်ခိုးတော်အား ဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသဖြင့် အောင်တော်မူလေပြီ။ အင်္ဂုလိမာလအမည်ရှိသော ခိုးသူကို အောင်တော်မူသော ထို မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ် သော အောင်ခြင်းမင်္ဂလာ ဖြစ်စေသတည်း။

၅။ တရားနာ ပရိသတ်၊ လူ၊ ရဟန်းအပေါင်းတို့၏ အလယ်၌ သစ်သားကို ကိုယ်ဝန်ဆောင်သော ဝမ်းကဲ့သို့ ပြုလုပ်သည့် စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲဖျက်ဆီးသော စကားကို မြတ်စွာဘုရားသည် ငြိမ်သက်ဖြူစင်သော အစီအရင် ဖြင့် အောင်မြင်တော်မူလေပြီ။ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမညစ်၏ စွပ်စွဲဖျက်ဆီးသောစကားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့် တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သောအောင်ခြင်း မင်္ဂလာဖြစ်ပေသတည်း။

၆။ မှန်သောစကားကို ပယ်စွန့်၍ မမှန်သည်ကို မှန်သည်ဟု ဆိုအပ်သော ဝါဒတည်းဟူသော မှန်ကင်းရှိရကား မိမိဝါဒဖြင့် သူတစ်ပါးတို့အား နှိမ်နင်းလိုသောစိတ်ရှိသော အလွန်မိုက်မဲ လှသည့် ကုဋ္ဋဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို မြတ်စွာဘုရား သည် ပညာတော်တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်း တော်မူသောကြောင့် အောင်တော်မူလေပြီ။ ကုဋ္ဋဒန္တအမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု

mgyoe.com

mgyoe.com


မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သော အောင်ခြင်း မင်္ဂလာ ဖြစ်စေသတည်း။

၇။ အထူးထူးအပြားပြား တန်ခိုးကြီးမားသော နန္ဒောပနန္ဒ အမည်ရှိသော နဂါးမင်းကို ကြီးမြတ်သော နဂါးမင်းယောင် ဖန်ဆင်းတော်မူသော သားတော် အရှင်မောဂ္ဂလာန်အား အခိုး အလျှံကို ထွက်စေသောအားဖြင့် မြတ်စွာဘုရားသည် တန်ခိုး ဖန်ဆင်းခြင်း၌ နည်းညွှန်ဥပဒေကိုပေးသော အစီအရင်ဖြင့် အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူနိုင်ငံသား အပေါင်းတို့အား မြတ်သောအောင်ခြင်းမင်္ဂလာ ဖြစ်စေသတည်း။

၈။ မကောင်းသောအယူ မိစ္ဆာဒိဋ္ဌိတည်းဟူသော မြွေသည် ပြင်းစွာ ကိုက်ခဲအပ်သော လက်ရှိခြင်း၊ ကျော်စောထင်ရှားခြင်း တန်ခိုးကြီးမားခြင်းတို့ ရှိလေသော ဗကမည်သော ဗြဟ္မာမင်းကို မြတ်စွာဘုရားသည် ဉာဏ်တော်တည်းဟူသော အဆိပ်ကို ဖျောက်တတ်သော ဆေးအစီအရင်ဖြင့် အောင်တော်မူလေပြီ။ ဗကဗြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့် တပည့်တော်တို့နှင့်တကွ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့အား မြတ်သောအောင်ခြင်း မင်္ဂလာ ဖြစ်စေသတည်း။

## (၁) မာရ်နတ်မင်းကို အောင်တော်မူခန်း

မြတ်စွာဘုရားအလောင်းတော်သည် သူဌေးသမီး သုဇာတာ၏ နို့ဃနာဆွမ်းကို ခံယူဘုဉ်းပေးပြီးလျှင် တစ်နေ့လုံး ပင်လုံးကျွတ်ပွင့်သော အင်ကြင်းတော၌ နေ့သန့်တော်မူလျက် ညနေစောင်း၌ နတ်တို့သည် ဖန်ဆင်းအပ်သော ရှစ်ဥသဘ အနံကျယ်သည့် ခရီးလမ်းဖြင့် ဗောဓိ မဏ္ဍိုင်သို့ ကြွလာတော်မူခဲ့ရာ နတ်–နဂါး–ဂဠုန် စသော နတ်အပေါင်း

mgyoe.com

mgyoe.com

တို့သည် ပန်းနံ့သာ စသည်တို့ဖြင့်ပူဇော်၍ လိုက်ပါလာကြကုန်၏။ နတ်ဒွိဖြစ်သော တူရိယာအသံတို့ဖြင့် လျှံတက်လျက်ရှိလေ၏။ တစ်သောင်းသော စကြဝဠာ လောကဓာတ်သည် တစ်ခဲနက်ကောင်းချီးပေးသံတို့ဖြင့် ဆူညံနေလေ၏။ ထိုအချိန်တွင် သောတ္ထိယမည်သော ပုဏ္ဏားတစ်ယောက်သည် မြက်ရှစ်ဆုပ်ကို ဘုရားလောင်းအား ဆီး၍ လှူသဖြင့် ဘုရားလောင်းသည် ထိုမြက်ရှစ်ဆုပ်ကို ယူတော်မူခဲ့လေသည်။

ဘုရားလောင်းသည် ဗောဓိမဏ္ဍိုင်သို့ရောက်သောအခါ အရှေ့အရပ်မှ အနောက်အရပ်သို့ မျက်နှာရှေးရှုပြုကာ ရပ်တော်မူလျက် မြက်ရှစ်ဆုပ်ကို အဖျားမှကိုင်၍ ကြဲဖြန့်တော်မူလိုက်ရာ ၁၄ တောင်အစောက်မြင့်သော ရတနာပလ္လင်တော် ပေါ်ပေါက်လာလေ၏။ ဘုရားလောင်းသည် ထိုရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူပြီးလျှင် အတောင်ငါးဆယ်ရှိသော ဗောဓိညောင်ပင်၏ ပင်စည်ကို နောက်မှီတံကဲပြု၍ အရှေ့ဘက်လောကဓာတ်သို့ မျက်နှာတော်မူကာ "ဘုရားမဖြစ်ကငါမထ" ဟု လေးပါးသော လုံ့လကို ယှဉ်လျက်နေတော်မူ၏။

ထိုအခါ သိကြားမင်းသည် အတောင် ၁၂၀ ရှိသော ဝိဇယုတ္တရခရုသင်းကို မှုတ်လျက်တည်၏။ ပဉ္စသိခ်နတ်သားသည် သုံးဂါဝုတ်ရှိသော ဗေလုဝမည်သောစောင်းကို တီးလျက်နေ၏။ (သုံးဂါဝုတ်သည် ၅.၄၅၂၅။ ၅ မိုင်နှင့် ဒသမ ၄၅၂၅ နှင့် ညီမျှ၏။) သုယာမနတ်သားသည် သားမြီးယပ်ကို ယပ်လျက်နေ၏။ သန္တုသိတနတ်သားသည် ပတ္တမြားယပ်ဝန်းကို ယပ်လျက်နေ၏။ သဟမ္ပတိဗြဟ္မာကြီးသည် သုံးယူဇနာရှိသော ထီးကို ဆောင်းလျက်တည်၏။ ကာလနဂါးကြီးသည် များစွာသော ပုဒ်ပဒတို့ဖြင့် ချီးမွမ်းထောမနာပြုနေ၏။ စကြဝဠာတိုက်ပေါင်းတစ်သောင်းမှ နတ်ဗြဟ္မာတို့သည် ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်သက္ကာရကို ပြု၍နေကြကုန်၏။

mgyoe.com

mgyoe.com

**မာရ်နတ်မင်းရောက်လာခြင်း**

ထိုအခါ နတ်ပြည်ခြောက်ထပ်တွင် အထက်ဆုံး ဝသဝတ္တီဘုံ၌ နေသော မာရ်နတ်မင်းသည် မိမိ၏စစ်သည်တော်အပေါင်းနှင့်တကွ ဘုရားအလောင်းရှိရာ ဗောဓိပင်သို့ မာရ်နတ်၏ကြွေးကြော်ခြင်းဖြင့် ကြွေးကြော်ဟစ်အော် ကြော်ငြာလျက် ချီတက်လာ၏။ မာရ်နတ်မင်း စစ်သည်တော်တပ်သားတို့သည် တစ်ယောက်နှင့်တစ်ယောက် မတူအောင် ကြောက်မက်ဖွယ်ကောင်းသော အဆင်း၊ ကြောက်မက်ဖွယ်သော မျက်နှာ၊ ကြောက်မက်ဖွယ်သော လက်နက်ကြီးတို့ကို အသီးသီး ဖန်ဆင်းစွဲကိုင်လာကြ၏။ မာရ်နတ်မင်း ကိုယ်တိုင်မူကား ဂိရိမေခလာဆင်ကို စီးလျက် လက်ရုံးတစ်ထောင် ဖန်ဆင်းကာ အထူးထူးအပြားပြား ဆန်းကြယ်သောလက်နက်တို့ကို ကိုင်စွဲလျက်ရှိ၏။ မာရ်နတ်မင်း၏ စစ်သည်ရဲမက်အရေအတွက်မှာ လက်ဝဲဘက်က ၁၂ ယူဇနာ အရပ်တိုင်အောင် အပြည့်ရှိ၏။ လက်ယာဘက်က ၁၂ ယူဇာနအရပ်တိုင်အောင် အပြည့်ရှိ၏။ မာရ်နတ်မင်း၏ ရှေ့မှ ၁၂ ယူဇနာအရပ်တိုင်အောင် အပြည့်ရှိ၏။ မာရ်နတ်မင်း၏ နောက်မှမူကား စကြဝဠာတိုက်တံတိုင်းသို့ ဆိုက်အောင်ရှိ၏။ အထက်ကောင်းကင်ဘက်၌လည်း ၉ ယူဇနာတိုင်အောင် အပြည့်ရှိ၏။ မာရ်နတ်မင်းစစ်သည်တော်တို့၏ ကြွေးကြော်သော ပဲ့တင်သံသည် ယူဇနာတစ်ထောင်ရှိသောအရပ်မှ မြေပြိုသော အသံကြီးကဲ့သို့ ကြားရ၏။

(မှတ်ချက်။ ။တစ်ယူဇနာသည် မိုင်အားဖြင့် ၇.၂၇ နှင့် ဒသမ ၂၇ နှင့် ညီမျှ၏။ ဒသမ ၂၇ ကို ဖာလုံဖွဲ့လျှင် ၂ ဖာလုံကျော်ကျော်ကလေး ရှိ၏။)

**နတ်၊ သိကြားမြဟ္မာများပြေးကုန်ခြင်း**

ထိုသို့ မာရ်နတ်မင်း၏ စစ်သည်တော်များ ဟစ်အော်ကြွေးကြော်ကာ ချီတက်လာကြသောအခါ ဘုရားလောင်း၏ ပတ်ဝန်းကျင်ရှိ

mgyoe.com

နတ်ဗြဟ္မာအပေါင်းတို့သည် တစ်ယောက်မျှ ရပ်တည်ရာမရ၊ ခြေဦးတည့်ရာ ပြေးလွှားကြလေကုန်၏။ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို ကုန်းပိုး၍ပြေးကာ စကြဝဠာတံတိုင်း၏ မျက်နှာဝနား၌ သွားရောက် ရပ်တည်နေ၏။ သဟမ္ပတိဗြဟ္မာကြီးသည် ထီးဖြူကိုကိုင်၍ ဗြဟ္မာပြည်သို့ ပြေးလေ၏။ ကာလနဂါးကြီးသည် မြေ၌ ငုပ်လျှိုးကာ နဂါးပြည်သို့ ပြေးပြီးလျှင် မျက်နှာကို လက်ဝါးနှစ်ဖက်တို့ဖြင့်အုပ်ပြီး အိပ်နေ၏။ စကြဝဠာတိုက်ပေါင်း တစ်သောင်းမှ လာရောက်ကော်ရော်ပူဇော်နေကြသော နတ်အပေါင်းတို့သည် တစ်ယောက်မကျန် ပြေးလွှားပုန်းအောင်းနေကြလေ၏။ ဘုရားလောင်းတစ်ပါးတည်း ရတနာပလ္လင်ထက်၌ ကျန်ရစ်ခဲ့လေ၏။ မာရ်နတ်မင်းသည် မိမိ၏ စစ်သည်တော်တို့အား–

"အချင်းတို့ ကမ္ဘာပေါ်မှာ သုဒ္ဓေါဒနမင်းကြီး၏ သား သိဒ္ဓတ္ထမင်းသားနှင့်တူသော ရဲရင့်မြင့်မြတ်သူယောကျ်ားမျိုးမရှိ၊ ငါတို့သည် သိဒ္ဓတ္ထမင်းသား၏ ရှေ့တူရူမှနေ၍ မျက်နှာချင်းဆိုင်တိုက်လျှင် ရလိမ့်မည်မဟုတ်။ နောက်ကနေပြီးတိုက်မှ ရလိမ့်မည်" ဟု အမှတ်သညာ ပေးကာ ဘုရားလောင်း၏ နောက်ကျောဘက်မှ လှည့်၍ တိုက်ရန် စီမံလေ၏။ ဘုရားလောင်းလည်း မိမိ၏နံဘေးနှစ်ဖက်နှင့် ရှေ့မျက်နှာကို ကြည့်လိုက်ရာ တစ်ခဏအတွင်းဆီက တင်းကျမ်းပြည့်အောင် ရှိနေကြသော နတ်ဗြဟ္မာအပေါင်းတို့ တစ်ယောက်မျှမရှိကြတော့ဘဲ ဗလာအတိ ဖြစ်နေသည်ကို တွေ့ရသည့်အပြင် မိမိ၏နောက်ကျောဘက်မှ လွှမ်းမိုး ချီတက်၍ လာကြသော မာရ်နတ်၏ တပ်မတော်များကိုလည်း မြင်ရသဖြင့် "ဤမျှလောက် ကြီးမားများပြားသော စစ်သည်တော်တို့သည် ငါတစ်ဦးတည်းကို ရည်စူးပြီး ချီတက်လာကြသည်။ ယခု ဤနေရာတွင် ငါ့အား မယ်တော်လည်း မရှိ၊ ခမည်းတော်လည်း မရှိ၊ ညီတော်လည်း မရှိ၊ အခြားအားထားစရာ ဆွေမျိုးဉာတကာလည်းမရှိ၊ ငါ အစဉ်မပြတ် ဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီတော် ၁၀ ပါးသာလျှင် ငါ၏ အခြွေအရံစစ်သည်နှင့်အတူ ဖြစ်တော့သည်။ သို့ဖြစ်၍ ပါရမီ ၁၀ ပါးကိုသာလျှင် လက်နက်

mgyoe.com

ပြပြီး ပါရမီလက်နက်နှင့်သာလျှင် ဤစစ်သည်အပေါင်းကို တိုက်ခိုက်ရတော့အံ့ ”ဟုကြံတော်မူ၍ ပါရမီ ၁၀ ပါးကိုသာ ဆင်ခြင်အောက်မေ့၍ နေတော်မူလေ၏။

ထိုအခါ မာန်နတ်မင်းသည် လေဖြင့် ပြေးစေအံ့ဟု ကြံ၍ ဝေရမ္ဘလေကို ထစေလျက် တစ်ယူဇနာ နှစ်ယူဇနာမျှလောက်သော တောင်ထွတ်သစ်ပင်ချုံပိတ်ပေါင်းတို့ကို တိုက်လွှင့်လိုက်ရာ ဘုရားလောင်းထံသို့ ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ တုန်လှုပ်ခြင်းငှာ မတတ်နိုင်ကြပေ။ ထို့နောက် ရေဖြင့်နှစ်၍ သေစေအံ့ဟု ကြံကာ တိမ်တိုက်တိမ်လွှာကို ထစေ၍ကြီးစွာသောမိုးကို ရွာချလိုက်ရာ ဘုရားလောင်းထံသို့ရောက်လျှင် သင်္ကန်းတော်စွန်းကိုမျှ စိုအောင် မတတ်နိုင်ပေ။ ထို့နောက် ကျောက်ခဲမိုး ရွာစေလျက် အခိုးအလျှံနှင့်တကွ ကျောက်တုံးကျောက်ခဲများ ကျလာလေရာ ဘုရားလောင်းထံသို့ရောက်လျှင် ထိုကျောက်တုံး ကျောက်ခဲတို့သည် ပန်းဆိုင်းဖြစ်သွားကြလေကုန်၏။ ထို့နောက် လက်နက်မိုးကို ရွာစေလျက် တစ်ဖက်သွား နှစ်ဖက်သွား အထူးထူးအပြားပြားသော လက်နက်ကြီးများ ကျလာလေရာ ဘုရားလောင်းထံသို့ရောက်လျှင် နတ်ပန်းဆိုင်း ဖြစ်သွားကြလေကုန်၏။ ထို့နောက် မီးကျီးခဲမိုးကို ရွာစေလျက် ပေါက်ပွင့်ကဲ့သို့ ရဲရဲနီသော မီးကျီးခဲများ အခိုးအလျှံနှင့် ကျလာလေရာ ဘုရားလောင်းထံသို့ ရောက်လျှင် နတ်ပန်းဆိုင်း ဖြစ်သွားကြလေကုန်၏။ ထို့နောက် ပြာပူမိုးကိုရွာစေလျက် အလွန်ပူသော ပြာပူများ အခိုးအလျှံနှင့် ကျလာလေရာ ဘုရားလောင်းထံသို့ရောက်လျှင် နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့် ဖြစ်သွားကြလေကုန်၏။ ထို့နောက် သဲမိုးကိုရွာစေလျက် အခိုးအလျှံနှင့်တကွ သဲများကျလာလေရာ ဘုရားလောင်းထံသို့ရောက်လျှင် နတ်ပန်းဖြစ်သွားကြလေကုန်၏။ ထို့နောက် ညွှန်ပျောင်းမိုးကို ရွာစေလျက် အခိုးအလျှံနှင့်တကွ ညွှန်ပျောင်းများ ကျလာလေရာ ဘုရားလောင်းထံသို့ ရောက်လျှင် နတ်၌ဖြစ်သော နံ့သာပျောင်း ဖြစ်သွားကြလေကုန်၏။ ထို့နောက် အမိုက်တိုက်ဖြင့် ကြောက်၍ပြေးစေအံ့ဟု ကြံကာ ကြီးစွာသော

mgyoe.com

mgyoe.com

အမိုက်မှောင်ကြီးကို ချလိုက်ရာ ဘုရားလောင်းထံသို့ ရောက်လျှင် အမိုက်မှောင်ကွယ်၍ နေရောင်လင်းသကဲ့သို့ ဖြစ်သွားလေ၏။

ဤသို့အားဖြင့် မာရ်နတ်မင်းသည်–

(၁) လေကြမ်းတိုက်ခြင်း။
(၂) မိုးကြီးရွာခြင်း။
(၃) ကျောက်ခဲမိုးရွာခြင်း။
(၄) လက်နက်မိုးရွာခြင်း
(၅) မီးကျီးခဲမိုးရွာခြင်း။
(၆) ပြာပူမိုးရွာခြင်း။
(၇) သဲမိုးရွာခြင်း။
(၈) ညွန်ပျောင်းမိုးရွာခြင်း။
(၉) အမိုက်တိုက်မှောင်ချခြင်း တည်းဟူသော ၉ မျိုးတို့ဖြင့် ဘုရားလောင်းအား တိုက်ခိုက်ခဲ့ရာ တစ်စုံတစ်ရာ မအောင်မြင်သဖြင့် မိမိ၏ စစ်သည်တော်တို့အား "အချင်းတို့၊ အဘယ့်ကြောင့် ဤမျှလောက် အချိန်ယူနေကြသနည်း၊ သိဒ္ဓတ္ထမင်းသားကို ဖမ်းကြကုန်လော၊ သတ်ကြကုန်လော၊ ပြေးအောင်လုပ်ကြကုန်လော" ဟု စစ်မိန့်ပေး၍ ကြွေးကြော်လိုက်ပြီးလျှင် ကိုယ်တိုင်လည်း ဂိရိမေခလာဆင်နှင့် စစ်လက်နက်ကို ကိုင်ကာ ဘုရားလောင်းရှိရာသို့ ရှေးရှုလာလျက်–

"သိဒ္ဓတ္ထ၊ ဤပလ္လင်မှ ထသွားလော့၊ ဤရတနာပလ္လင်သည် သင့်အတွက် ပေါ်လာသည်မဟုတ်၊ ငါ့အတွက် ပေါ်လာခြင်းဖြစ်သည်" ဟု ပြောဆိုလေ၏။

ထိုအခါ အစကစည်းက စကားတစ်လုံးမျှ မပြောခဲ့ဘဲ တဏှာသော လုပ်ကာ ပါရမီတော် ၁၀ ပါးကိုသာ ဆင်ခြင်အောက်မေ့နေတော်မူသော ဘုရားလောင်းသည်–

"မာန်နတ်၊ သင်သည် ဤပလ္လင်၏အကျိုးငှာ ပါရမီ ၁၀ ပါးကို လည်း ဖြည့်ဆည်းပူးခြင်း မပြုခဲ့၊ ဥပပါရမီ ၁၀ ပါးကိုလည်း ဖြည့်ဆည်း

mgyoe.com

ပူးခြင်းမပြုခဲ့၊ ပရမတ္တ ပါရမီ ၁၀ ပါးကိုလည်း ဖြည့်ဆည်းပူးခြင်းမပြုခဲ့၊ စွန့်ခြင်းကြီးငါးပါးကိုလည်း စွန့်လွှတ်ခြင်းမပြုခဲ့။ ဆွေမျိုးတို့၏ အကျိုးငှာလည်းမကျင့်ခဲ့၊ ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ၏ အကျိုးငှာလည်းမကျင့်ခဲ့၊ ဘုရားဖြစ်ခြင်းအကျိုးငှာလည်းမကျင့်ခဲ့၊ ဤဆိုခဲ့ပြီးသော အားလုံးကို ငါသာလျှင် အလုံးစုံပြုကျင့်ခဲ့တယ်၊ ဒါကြောင့် ဤပလ္လင်သည် ငါ့အတွက်သာ ပေါ်လာခြင်းဖြစ်တယ်၊ သင့်အတွက် ပေါ်လာခြင်းမဟုတ်၊ သင်နှင့်မဆိုင်" ဟု မိန့်မြွက်တော်မူလိုက်လေ၏။

ဘုရားလောင်း၏ မိန့်မြွက်ချက်ကိုကြားလျှင် မာရ်နတ်မင်းသည် ပြင်းစွာဒေါသထွက်လျက် ဒေါသအဟုန်ကိုသည်းမခံနိုင်သဖြင့် ဘုရားလောင်းအား မိမိ၏နောက်ဆုံးလက်နက်ဖြစ်သော စက္ကာဝုဓခေါ် စက်လက်နက်ဖြင့် ပစ်လွှတ်လိုက်ရာ မာရ်နတ်မင်း၏ ထိုနောက်ဆုံးလက်နက်ဖြစ်သော စက်လက်နက်သည် ဘုရားလောင်းထံသို့ ရောက်သောအခါ ဘုရားလောင်း၏အထက်၌ ပန်းမျက်နှာကြက်ဖြစ်၍ တည်နေလေ၏။ ထိုအချိန်တွင် မာရ်နတ်မင်း၏ စစ်သည်တော်တို့ကလည်း မိမိတို့၏ တန်ခိုးအားလျော်စွာ တစ်ခဲနက်သော ကျောက်တောင်ထွတ်တို့ကို ပစ်လွှတ်လိုက်ရာ ဘုရားလောင်းထံရောက်သောအခါ ထိုကျောက်တောင်ထွတ်တို့သည် ပန်းကုံးဖြစ်၍ မြေ၌ကျကြလေကုန်၏။ ထိုအခါ စကြဝဠာတံတိုင်း မျက်နှာဝနားအထိ ပြေးသွားကြကုန်သော နတ်အပေါင်းတို့သည် စကြဝဠာတံတိုင်း မျက်နှာဝနားမှ လည်ပင်းကိုဆန့်တန်းလျက် ဦးခေါင်းကိုချီကာ "သိဒ္ဓတ္ထမင်းသားသည် ပျက်စီးလေပြီလော၊ ဘယ်လိုများဖြစ်သွားလေပြီနည်း" ဟု မျှော်ကြည့်ကြလေကုန်၏။ ဘုရားလောင်းသည် ရတနာပလ္လင်တော်ကို လာ၍လုနေသော မာရ်နတ်အားကြည့်ကာ...

"မာရ်နတ်၊ သင်သည် ဤပလ္လင်အတွက် ဒါနကို ပြုဖူးသည်ဆိုလျှင် သင့်မှာ သက်သေရှိသလော" ဟု မေးတော်မူလိုက်ရာ မာရ်နတ်မင်းလည်း မိမိ၏စစ်သည်တော်များဘက်သို့ လှည့်၍ လက်ကို ဆန့်တန်းကာ "ဤသူတို့သည် သက်သေပင် ဖြစ်တော့သည်" ဟု ညွှန်ပြလိုက်

mgyoe.com

လေ၏။ မာရ်နတ်မင်း၏ စစ်သည်တော်အပေါင်းတို့လည်း "ငါတို့ အရှင်မာရ်နတ်မင်းသည် ဤပလ္လင်အတွက် အလှူဒါနပြုသည်ကို ငါတို့ သိမြင်သည်"ဟု တစ်ပြိုင်နက် ကြွေးကြော်ဟစ်အော်၍ ကြော်ငြာကြလေ၏။

ထိုသို့ ကြွေးကြော်ဟစ်အော်ကာ သက်သေထူကြပြီးနောက် မာရ်နတ်မင်းက "သိဒ္ဓတ္ထ၊ ဤပလ္လင်အတွက် ဒါနပြုဖူးသည်ဟု သင်ပြော သည်၊ ငါကဲ့သို့ သက်သေပြနိုင်ရဲ့လား"ဟု မေးလိုက်ရာ ဘုရားလောင်း က "ငါ့မှာ သင်ကဲ့သို့ သဝိညာဏက သက်သေမရှိ။ တစ်ပါးသောအဖြစ် တို့ကို ထားဘိဦး၊ ဝေဿန္တရာမင်းအဖြစ်၌ပင် ခုနစ်ကြိမ် ခုနစ်လီ၊ ဤပလ္လင်အလို့ငှာ ငါ အလှူကြီးပေးသည်ကို ဤမဟာပထဝီမြေကြီးပင် အသိဖြစ်တော့သည်"ဟု လက်ျာလက်မောင်းတော်ကို ဆန့်တန်းကာ မဟာပထဝီမြေကြီးကို ညွှန်ပြလိုက်လေ၏။

ထိုအခါ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေ ကြီးသည် ငါသည်ပင် သက်သေဖြစ်တော့သည်ဟု ပြောဘိသကဲ့သို့ အိုးထိန်းစက်ပမာ ဝန်းဝန်းလည်လျက် သည်းစွာသောအသံကို ပြု၏။ မြေကြီးအသံဖြင့် ကောင်းကင်သည်လည်း မိုးကြိုးပစ်သကဲ့သို့ ပြင်းစွာ မြည်ခြင်းကို ဖြစ်စေ၏။ သတ္တရဘာန်တောင်စဉ် ခုနစ်ထပ် အစရှိသည်တို့ သည်လည်း ပြင်းစွာသောအသံဖြင့် မြည်ကုန်၏။ အလုံးစုံသော စကြဝဠာ တိုက်သည် မီးလောင်သော ဝါးတောကဲ့သို့ ဖျစ်ဖျစ်ဖျစ်ဖျစ် အသံကိုပြု၍ ပြင်းစွာသော မြည်ခြင်းဖြင့် မြည်၏။ ပူလှစွာသော အိုးကင်း၌ ပစ်အပ်သော စပါးကဲ့သို့ အလုံးစုံသောကောင်းကင်၌ မိုးမရွာဘဲ တိမ်တောင်မတက်ဘဲ နတ်စက်တို့သည် ပစ်ကုန်၏။ ပြောင်ပြောင်တောက်သော မီးကျီးစုမိုး ရွာသကဲ့သို့ ပြိုးပြိုးပြက်ပြက် အခိုးအလျှံထွက်ကုန်လျက် မိုးကြိုးစက်တို့ သည် ကျကုန်၏။ မာရ်နတ်မင်း၏ စီးတော်ဆင်ဖြစ်သော ဂိရိမေခလာ ဆင်တော်သည် ဘုရားလောင်း၏ ပလ္လင်တော်ခြေရင်း၌ ပုဆစ်တုပ်၍ ပျပ်ဝပ်ကျသွားလေ၏။ မာရ်နတ်မင်းသည် ဂိရိမေခလာဆင်တော်မှ

mgyoe.com

mgyoe.com


လွင့်စဉ်၍ မြေသို့ကျသွားရာ ဆောက်တည်ရာမရ မြေမှထကာ ပြေးသွားလေ၏။ မာရ်နတ်မင်း၏ စစ်သည်တော်အပေါင်းတို့သည်လည်း ဖရိုဖရဲ ပြိုကွဲကာ ကြောက်အားလန့်အားနှင့် ခြေဦးတည့်ရာ၊ မျက်နှာမူရာ ပြေးလွှားသွားကြလေကုန်၏။

## နတ်သိကြားများပြန်လာကြခြင်း

အထက်ပါ မာရ်နတ်မင်းနှင့်တကွ စစ်သည်တော်များ ပြေးသွားကြပြီးသောအခါ မကြာမီက မာရ်နတ်မင်းကိုကြောက်၍ ပြေးလွှားပုန်းအောင်းနေကြသော နဂါး၊ဂဠုန်၊ကုမ္ဘာန်ရက္ခိုသ် အပါအဝင်ဖြစ်သည့် နတ်သိကြား ဗြဟ္မာအပေါင်းတို့သည် ပန်းနံ့သာ စသည်လက်စွဲကုန်လျက် ဘုရားလောင်းရှိရာ ဗောဓိမဏ္ဍိုင်သို့ ပြန်လာကြကုန်ပြီးလျှင် ဘုရားလောင်းအား အောင်သံပေး၍ ကြွေးကြော်ပူဇော်ကြကုန်၏။

## နဂါးအပေါင်းတို့၏ကြွေးကြော်ပူဇော်ပုံ

“ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ခဲ့လေပြီ။ ယုတ်မာသော မာရ်နတ်သည် ရှုံးခဲ့လေပြီ။”

## ဂဠုန်အပေါင်းတို့၏ကြွေးကြော်ပူဇော်ပုံ

“ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ခဲ့လေပြီ။ ယုတ်မာသော မာရ်နတ်သည် ရှုံးခဲ့လေပြီ။”

## နတ်အပေါင်းတို့၏ကြွေးကြော်ပူဇော်ပုံ

“ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ခဲ့လေပြီ။ ယုတ်မာသော မာရ်နတ်သည်

mgyoe.com

mgyoe.com


ရှုံးခဲ့လေပြီ။"

**ဖြဟ္မာအပေါင်းတို့၏ကြွေးကြော်ပူဇော်ပုံ**

"ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော အလောင်းတော်မြတ်အား အောင်ခြင်းမင်္ဂလာသည် ဖြစ်ခဲ့လေပြီ။ ယုတ်မာသော မာရ်နတ်သည် ရှုံးခဲ့လေပြီ။"

အထက်ပါအတိုင်း အသီးသီး ကောင်းချီးပေးကာ အောင်သံပြု၍ ကြွေးကြော်ဟစ်အော်လျက် အုတ်အုတ်ကျက်ကျက် တစ်ခဲနက် ချီးကျူးပူဇော်နေကြလေ၏။

(မှတ်ချက်။ ။ ဘုရားလောင်းသည် ညနေစောင်းတွင် ဗောဓိမဏ္ဍိုင်သို့ ရောက်ကာ ပလ္လင်ပေါက်ပြီး ပလ္လင်ထက်၌ တက်၍နေတော်မူရာ မာရ်နတ်ရောက်လာ၏။ နေမဝင်မီပင် မာရ်နတ်၏ စစ်သည်တို့ကို အောင်မြင်တော်မူ၏။)

**ဘုရားအဖြစ်သို့ရောက်တော်မူခြင်း**

ဘုရားလောင်းသည် မာရ်နတ်မင်း၏ စစ်သည်တော်တို့ကို အောင်မြင်တော်မူပြီးနောက် ထိုနေ့ညပင် ပထမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူ၏။ မဇ္ဈိမယံ (သန်းခေါင်ယံ) ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ ပစ္ဆိမယံ (မိုးသောက်) အခါတွင် ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို ဆင်ခြင်တော်မူကာ အသဝေါတရား လေးပါးတို့၏ ကုန်ရာ အာသာဝက္ခယဉာဏ်နှင့်တကွ တစ်ကမ္ဘာလုံးကို အပိတ်အဖုံးမရှိ အလုံးစုံ သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူလေ၏။

(မှတ်ချက်။ ။ ပုဗ္ဗေနိဝါသနုဿတိဉာဏ်ဆိုသည်ကား ရှေးဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ပြန်လည်အောက်မေ့ သိရှိနိုင်သောဉာဏ်တည်း။ ဒိဗ္ဗစက္ခုဉာဏ်

mgyoe.com

mgyoe.com

ဆိုသည်ကား အကာခြားရာ၊ နံရံခြားရာ၊ တောင်ခြားရာ၊ ကမ္ဘာခြားရာ၊ မည်မျှလောက် ဝေးကွာသောအရပ်ဒေသကိုဖြစ်စေ မြင်စွမ်းနိုင်သော ဉာဏ်တည်း။ ထိုဒိဗ္ဗစက္ခုဉာဏ်သည် မည်သည့်သတ္တဝါသည် မည်သို့သောကောင်းမှု မကောင်းမှုကို ပြုလုပ်၍ မည်သည့်ဘုံဌာနသို့ ရောက်ကြောင်းကိုလည်း သိစွမ်းနိုင်၏။ အာသဝက္ခယဉာဏ်ဆိုသည်ကား လောဘ၊ (တဏှာပင်ဖြစ်၏။) ဒိဋ္ဌိ၊ မောဟ (အဝိဇ္ဇာပင်ဖြစ်၏။) ဟုဆိုအပ်သော အာသဝေါတရားများ၏ ကုန်ခန်းခြင်းကို ပြုတတ်သော အရဟတ္တမဂ်ဉာဏ်ပင်တည်း။ ဤဉာဏ် သုံးပါးကို အတိုကောက်အားဖြင့် ပု–ဒိ–အာ– ဟု ခေါ်လေ့ရှိကြ၏။)

## (၂) အာဠာဝကဘီလူးကို ချွတ်ခန်း

မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ် အာဠဝီပြည်၏အနီး တစ်ဂါဝုတ်မျှဝေးသောအရပ်၌ အာဠာဝကမည်သော ဘီလူး၏ ဘုံဗိမာန်သည် ရှိလေ၏။ (ဂါဝုတ်တစ်ခုသည် ကိုက်အားဖြင့် ၅၆၀၀ ရှိ၏။) တစ်နေ့သ၌ မြတ်စွာဘုရားသည် ကိုယ်တော်တစ်ပါးတည်း အာဠာဝကဘီလူး၏ ဘုံဗိမာန်သို့ ကြွတော်မူ၍ ဗိမာန်တံခါးဝ၌ ရပ်နေတော်မူလေ၏။ ထိုအချိန်၌ အာဠာဝကဘီလူးသည် ဟိမဝန္တာနတ်ဘီလူးတို့၏ အစည်းအဝေးသို့ သွားခိုက်ဖြစ်၍ မရှိပေ။

ထိုအခါ အာဠာဝကဘီလူး၏ ဗိမာန်တံခါးမှူးဖြစ်သော ဂဒြဘမည်သော ဘီလူးသည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ "အရှင်ဘုရား၊ ကြွလာတော်မူပါသလား၊ အချိန်လည်းမဟုတ်ပါကလား" ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက "အေး မှန်တယ် ဂဒြဘ၊ ဒါ့ထက် မင့်ဝန်မလေးရင် သည်ဗိမာန်မှာ တစ်ညဉ့်မျှ သီတင်းသုံးလိုတယ်" ဟု မိန့်တော်မူလေ၏။

(ဂဒြဘ) "တပည့်တော်ကတော့ ဝန်မလေးပါဘူးဘုရား၊ သို့သော်လည်း ဒီအာဠာဝက ဘီလူးကြီးဟာ အင်မတန် ကြမ်းတမ်းခက်ထန်ပါ

mgyoe.com

တယ်၊ အမိအဖကိုတောင် ရှိခိုးခြင်း စသည်မပြုပါ၊ ဒီဗိမာန်တွင် နေတော်မမူချင်ပါနှင့် ဘုရား"

(မြတ်စွာဘုရား) "သူ့သဘောကို ငါသိတယ် ဂဒြဘ၊ တစ်စုံတစ်ရာ အန္တရာယ်မဖြစ်နိုင်ပါဘူး၊ မင်းကသာ ဝန်မလေးရင် တစ်ညဥ့်မျှ သီတင်းသုံးလိုတယ်"

(ဂဒြဘ) "အရှင်ဘုရား၊ တပည့်တော်ကတော့ ဝန်မလေးပါ၊ အာဠဝက ဘီလူးဟာ အမိအဖမှန်း၊ ရဟန်းပုဏ္ဏားမှန်း မသိပါ။ ဒီဗိမာန်ရောက်လာသမျှလူတွေကို စိတ်ပျံ့လွင့် ရူးသွပ်သွားအောင် လုပ်တတ်ပါတယ်။ နှလုံးသားကိုလည်း ဖောက်ခွဲပစ်တတ်ပါတယ်။ သည်လိုမှမဟုတ်ဘဲ ခြေနှစ်ချောင်းကိုင်ပြီး သမုဒ္ဒရာထဲဖြစ်စေ၊ စကြဝဠာတံတိုင်းရောက်အောင်ဖြစ်စေ လွှင့်ပစ်တတ်ပါတယ် ဘုရား"

(မြတ်စွာဘုရား) "ငါသိပါတယ် ဂဒြဘ၊ မင်းမှာ ဝန်မလေးရင် ငါ တစ်ညဥ့်မျှ သီတင်းသုံးလိုတယ်"

(ဂဒြဘ) "တပည့်တော်ကတော့ ဘာမျှ ဝန်မလေးပါဘူး ဘုရား၊ အမှန်ကတော့ သူ့ကို အကြောင်းမကြားဘဲ ခွင့်ပြုလိုက်ရင် တပည့်တော်ကို သတ်ချင်သတ်မှာပဲ၊ ဒါကြောင့် သူ့ဆီသွားပြီး တပည့်တော် အကြောင်းကြားပါဦးမယ် ဘုရား"

(မြတ်စွာဘုရား) "မင်းစိတ်ချမ်းသာသလိုသာ ဆောင်ရွက်ပါ"

တံခါးမှူး ဂဒြဘဘီလူးသည် မြတ်စွာဘုရားကို ရှိခိုးဝတ်ချပြီး အာဠဝက ဘီလူးရှိရာ ဟိမဝန္တာသို့ ထွက်သွားလေ၏။ ဂဒြဘ ထွက်သွားပြီးနောက် မြတ်စွာဘုရားလည်း ဗိမာန်တွင်းသို့ ဝင်ရောက်ခဲ့ရာ ဗိမာန်တံခါးလည်း အလိုလိုပွင့်သွားလေ၏။ မြတ်စွာဘုရားသည် အာဠဝက ကိုယ်တိုင်ထိုင်၍ ကျက်သရေခံစားသော မင်္ဂလာရှိသည့် ရတနာ့နတ်ပလ္လင်ထက်၌ တက်၍ သီတင်းသုံးတော်မူကာ ကိုယ်တော်မှ ရွှေအဆင်းရှိသော ပီတရောင်ခြည်တော်တစ်စိပ်ကို လွှတ်တော်မူလိုက်လေ၏။ အာဠဝက၏ မိဖုရားမောင်းမမိဿံများသည် ရွှေအဆင်းရှိသော ပီတရောင်

mgyoe.com


ခြည်တော်ကို မြင်သဖြင့် မြတ်စွာဘုရားထံ လာရောက် ဝတ်ချကြကာ မြတ်စွာဘုရားကို ခြံရံ၍ နေကြလေ၏။ မြတ်စွာဘုရားသည် ထိုမိဖုရားမောင်းမတို့အား "သင်တို့သည် ရှေးဘဝများက ဒါနသီလတို့ကို ပေးလှူဆောက်တည်ခဲ့သဖြင့် ဤသို့သော စည်းစိမ်ကို ရရှိကြခြင်းဖြစ်သည်၊ အချင်းချင်း ဣဿမစ္ဆရိယ မဖြစ်ကြဘဲ ချင်ခင်ကြင်နာစွာ နေထိုင်ကြလေ" စသည်ဖြင့် တရားစကား ဟောပြောတော်မူလေရာ ထိုမိဖုရားမောင်းမများလည်း မြတ်စွာဘုရား၏ ချိုမြိန်သောတရားစကားအတွက် အားရနှစ်သက်ကာ သာဓုခေါ်၍ ကောင်းချီးပေးလျက် ရှိကြလေ၏။

### အာဠာဝက၏စိတ်ထား

တံခါးမှူး ဂဒြဘဘီလူးသည် ဟိမဝန္တာရောက်လျှင် အာဠာဝကထံသွား၍ ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံး နေထိုင်လာကြောင်း အကြောင်းကြားလေရာ အာဠာဝကလည်း "အသာငြိမ်ငြိမ်နေ၊ ဘယ်သူမှ မသိစေနဲ့၊ နောက်မှသွားပြီး လုပ်သင့်တာလုပ်ရမယ်" ဟု ခပ်တိုးတိုး မှာထား ပြောကြားလေ၏။

အာဠာဝကသည် ယောကျ်ားတို့၏မာနအတွက် ရတ်တရက် ရှက်သွားကာ ပရိသတ်အလယ်၌ အခြားသူတို့ သိသွားကြမည်စိုးသဖြင့် ဤသို့ပြောခြင်း ဖြစ်၏။

### သာတာဂိရိနှင့်ဟေမဝတ

ထိုအချိန်တွင် သာတာဂိရိ နတ်ဘီလူးနှင့် ဟေမဝတနတ်ဘီလူး နှစ်ယောက်တို့သည် ဟိမဝန္တာနတ်ဘီလူးအစည်းအဝေးသို့ မသွားမီ မြတ်စွာဘုရားထံ သွားရောက်ကန်တော့ဦးမယ်၊ ကန်တော့ပြီးမှ အစည်းအဝေးသို့ သွားမည်ဟု ကြံစည်ကာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးမှ လာခဲ့ကြလေရာ အာဠာဝကဘီလူး၏ ဗိမာန်အထက်သို့ ရောက်လေလျှင် သွား၍မဖြစ်ဘဲ ထစ်နေကြလေ၏။

mgyoe.com

mgyoe.com


နတ်ဘီလူးနှစ်ဦးတို့လည်း အကြောင်းအသို့နည်းဟု ဆင်ခြင်ကာ နတ်မျက်စိဖြင့် ကြည့်ကြလေရာ အာဠဝကဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူကြောင်း မြင်သိကြလေမှ ကောင်းကင်က ဆင်းကာ မြတ်စွာဘုရားထံ သွားရောက်ဝတ်ချပြီး ဟိမဝန္တာ နတ်ဘီလူးအစည်းအဝေးသို့ ဆက်လက်သွားရောက်ကြလေ၏။ သာတာဂိရိနှင့် ဟေမဝတတို့လည်း နတ်ဘီလူး အစည်းအဝေးရောက်၍ အာဠဝကကို တွေ့လျှင် တွေ့ချင်း...

"အို အာဠဝက၊ သင်ကား အရတော်ပေစွ၊ သင်၏ဗိမာန်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူတယ်။ မြတ်စွာဘုရားဆီသွားပြီး ဆည်းကပ်ပေတော့" ဟု အားရဝမ်းသာ ပြောဆိုကြလေရာ အာဠဝကလည်း ဘုရားကို ကြည်ညိုသူမဟုတ်သဖြင့် ပြင်းစွာဒေါသထွက်ကာ...

"ဘယ်ကဘုရားလဲ၊ ငါ့ဗိမာန်ထဲလာနေတာ" ဟု ဆိုလိုက်လေ၏။ သာတာဂိရိနှင့် ဟေမဝတကလည်း...

"အာဠဝက... သင်မသိဘူးလား၊ ငါတို့ဆရာမြတ်စွာဘုရားဟာ တုသိတာနတ်ပြည်မှ ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်တော်မူ၍ သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီး မယ်တော်မာယာ ဝမ်းမှာ ပဋိသန္ဓေနေတော်မူတယ်။ နောက် ဖွားတော်မူပြီး အရွယ်ရောက်လျှင် တောထွက်တော်မူ၍ ဒုက္ကရစရိယာကျင့်ပြီး ဗောဓိမဏ္ဍိုင်မှာ သဗ္ဗညုတဉာဏ်ရကာ ဘုရားဖြစ်တော်မူတယ်။ နောက်မိဂဒါဝုန်တောမှာ ဓမ္မစကြာတရားဟောတော်မူတယ်။ ပဋိသန္ဓေနေတော်မူစဉ်၊ ဖွားတော်မူစဉ်၊ ဘုရားဖြစ်တော်မူစဉ်အခါ၌ ကမ္ဘာအဖွဲ့ချီးဖွယ်ရာ ၃၂ ပါးသော ပုဗ္ဗနိမိတ်ကြီးများ ထင်ရှားဖြစ်ခဲ့တယ်။ ဒါတွေကို သင်မမြင်မသိခဲ့ဘူးလား" ဟု မေးမြန်းပြောဆိုလိုက်ကြရာ အာဠဝကကလည်း ဒေါသအရှိန်နှင့် "မမြင်ဘူး၊ မသိဘူး" ဟု ဆိုလိုက်လေ၏။

ထိုအခါ သာတာဂိရိနှင့် ဟေမဝတတို့က...

"အာဠဝက သင်မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊

mgyoe.com

 mgyoe.com 

သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ ဘာမှအရေးစိုက်စရာမလိုဘူး ငါတို့ဆရာ မြတ်စွာဘုရားနှင့် သင်နှင့်ရှိုင်းစာလျှင် သင်သည် ကေသရာဇာခြင်္သေ့မင်း၏ အနီး၌ တည်သောမြေခွေးအိုကဲ့သို့ လည်းကောင်း၊ ဂဠုန်မင်း၏ အနီး၌တည်သော အတောင်အလက် ကျိုးပြတ်နေတဲ့ ကျီးကန်းစုတ်ကဲ့သို့လည်းကောင်းဖြစ်တယ်။ သွားချေ၊ မြတ်စွာဘုရားကို သင်ဘာလုပ်ချင်သလဲ၊ လုပ်ချင်တာ သွားလုပ်ချေ' ဟု ပြောဆိုလိုက်ကြလေ၏။ ထိုသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက် အာဠာဝကသည် ဒေါသထွက်ကာ ထိုင်ရာမှထ၍ ဆေးဒန်းမြင်း သီလာကျောက်ဖြာကြီးကို လက်ဝဲဘက်ခြေထောက်ဖြင့် နင်း၍ ရပ်လျက်–

"အခုချက်ချင်း ကြည့်လိုက်ကြ သင်တို့ဆရာ မြတ်စွာဘုရားနှင့် ငါ ဘယ်သူက တန်ခိုးအာနုဘော် ကြီးတယ်ဆိုတာ သိရမယ်" ဟု ပြောဆိုပြီး ယူဇနာခြောက်ဆယ်ရှိသော ကေလာသတောင်ထွတ်ကို လက်ယာဘက်ခြေထောက်ဖြင့် နင်းချလိုက်ရာ ကေလာသတောင်ထွတ်ကြီးသည် တပြောင်ပြောင် တောက်လောင်နေသော သံတွေခဲကိုတူဖြင့် တအားရိုက်လိုက်သောအခါ မီးပွင့်ပြီး အလွှားလွှား ကွာကျသကဲ့သို့ အလွှားလွှား ကွာကျလေ၏။ အာဠာဝကသည် ထိုကေလာသ တောင်ထိပ်ပေါ်၌ရပ်ပြီး–

"ငါ အာဠာဝကပေ့" ဟု ကြွေးကြော်ဟစ်အော်ကြေညာ၍ ကြုံးဝါးလိုက်ရာ အာဠာဝက၏ ထိုသို့ကြုံးဝါးလိုက်သောအသံသည် ယူဇနာတစ်သောင်းရှိသော ဇမ္ဗူဒီပါကမ္ဘာတစ်ဝန်းလုံး ပြန့်နှံ့သွားလေ၏။ ယူဇနာသုံးထောင်ရှိသော ဟိမဝန္တာတစ်ခုလုံး အာဠာဝကဘီလူး၏ တန်ခိုးကြောင့် တုန်လှုပ်ချောက်ချားသွားလေ၏။ ထိုသို့ကြုံးဝါးပြီးနောက် အာဠာဝကသည် ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်နတ်မင်း တိုက်ခိုက်သော နည်းအတိုင်း–

(၁) လေကြမ်း တိုက်လွှင့်ခြင်း။

(၂) မိုးကြီးသည်းထန်စွာ ရွာချခြင်း။

mgyoe.com

mgyoe.com


(၃) ကျောက်ခဲမိုး ရွာချခြင်း။
(၄) လက်နက်မိုး ရွာချခြင်း။
(၅) မီးကျီးခဲမိုး ရွာချခြင်း။
(၆) ပြာပူမိုး ရွာချခြင်း။
(၇) သဲမိုး ရွာချခြင်း။
(၈) ညွန်ပျောင်းမိုးရွာချခြင်း။
(၉) အမိုက်တိုက် (အမိုက်မှောင်) ချခြင်းတည်းဟူသော လက်နက်ကြီးကိုးမျိုးတို့ဖြင့် မြတ်စွာဘုရားရှိရာသို့ ပစ်လွှင့်တိုက်ခိုက်လေရာ အဆိုပါလက်နက်ကြီး ကိုးမျိုးတို့သည် မြတ်စွာဘုရားကို တစ်စုံတစ်ရာ မထိခိုက်သည့်ပြင် ထိုလက်နက်များသည် မြတ်စွာဘုရားထံသို့ ရောက်သောအခါ၌ နတ်ပန်းဆိုင်းများ၊ နတ်ပန်းကုံးများ၊ နတ်စန္ဒကူး၊ နံ့သာမှုန့်များ ဖြစ်သွားကြလေကုန်၏။ ထိုအချိန်တွင် တစ်သောင်းသော လောကဓာတ်ရှိ နတ်များသည် များသောအားဖြင့် အာဠာဝကဗိမာန်သို့ လာရောက်စုဝေးနေကြလေကုန်၏။ အကြောင်းမူကား ယနေ့မြတ်စွာဘုရားသည် အာဠာဝကဘီလူးကို ဆုံးမကာ တရားဒေသနာ ဟောတော်မူလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေကြသောကြောင့်တည်း။

အာဠာဝက၏ နောက်ဆုံးလက်နက်

ဤသို့အားဖြင့် အာဠာဝကသည် ညဥ့်ဦးယံမှစ၍ သန်းခေါင်ယံတိုင်အောင် ညဝက်ပတ်လုံး ကိုးမျိုးသော လက်နက်ကြီးတို့ဖြင့် တိုက်ခိုက်၍ တစ်စုံတစ်ရာ မတတ်နိုင်ရှိပြီးနောက် မြတ်စွာဘုရားအနီးတွင် အပြန်ပြန် အလှန်လှန် စကြံသလားရင်း မိမိ၏နောက်ဆုံး လက်နက်ဖြစ်သော "ဒုဿာဝုဓ" ခေါ် ဘွဲ့ဖြူလက်နက်ကို ပစ်လွှတ်လိုက်လေ၏။ ဘွဲ့ဖြူလက်နက်သည် မိုးကြိုးစက်ကဲ့သို့ ကောင်းကင်မှ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးကို မြည်ဟည်းကာ အခိုးအလျှံနှင့်တကွ မြတ်စွာဘုရားထံ ရောက်လာလေရာသို့ ရောက်လာသောအခါ၌ ဘွဲ့ဖြူလက်နက်ကြီးသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ခြေသုတ်ပုဆိုးအဖြစ်ဖြင့်

mgyoe.com

mgyoe.com


ကျလာတည်ရှိနေလေ၏။ ထိုအချင်းအရာကို မြင်ရသော အာဠာဝကသည် ဦးချိုပြတ်သောနွားလား ဥသဘကဲ့သို့လည်းကောင်း၊ အစွယ်ကျိုးသော မြွေကဲ့သို့ လည်းကောင်း ဖြစ်သွားကာ ကြံရာမရမာနကျလျက် "ငါ၏ ဘွဲ့ဖြူလက်နက်ပင်လျှင် ရဟန်းကို မလွှမ်းမိုးနိုင်ပါကလား" ဟု စဉ်းစား ပြီး "ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလဲ၊ တန်တော့ ရဟန်းမှာ မေတ္တာ တရားနှင့် ယှဉ်နေလို့ ဒီလိုမထိုးဖောက်နိုင်တာနဲ့တူတယ်။ ရဟန်းရဲ့ မေတ္တာတရားကို လွင့်စဉ်သွားအောင် မခံချင်အောင် ပြောကြည့်မှပဲ" ဟု ကြံစည်စိတ်ကူးလျက်–

"ရဟန်း၊ ထွက်သွားပါ။ ကျွန်ုပ်ခွင့်မပြုဘဲနှင့် ကျွန်ုပ်ဗိမာန်အတွင်း ဘာကြောင့် ဝင်နေရသလဲ၊ ပိုင်ရှင်ထံမှ ခွင့်မရဘဲနှင့် အိမ်ရှင်ကဲ့သို့ ပိုင်စိုးပိုင်နင်း မိဖုရား မောင်းမတွေအလယ်မှာ ဝင်နေတာ မသင့်တော် ပါဘူး။ ရဟန်းလုပ်နေပြီး ဒီလို အခွင့်မရဘဲ သူတစ်ပါးဗိမာန် ဝင်ရောက် နေထိုင်ခြင်း၊ မိန်းမတွေနဲ့ ရောယှက်နေထိုင်ခြင်းလုပ်တာ မတော်ပါဘူး" ဟု ပြောလိုက်လေ၏။

မြတ်စွာဘုရားလည်း အာဠာဝက စိတ်နူးညံ့သွားစေခြင်းငှာ တစ်စုံတစ်ရာ ပြန်လှန်ငြင်းဆန်ခြင်းမပြုဘဲ အာဠာဝက၏အလိုသို့ လိုက်၍...

"ကောင်းပြီအာဠာဝက" ဟုဆိုကာ ဗိမာန်အတွင်းမှ ထွက်တော် မူလေ၏။ ထိုအခါ အာဠာဝကလည်း "ပြောလို့ဆိုလို့ တယ်လွယ်တဲ့ ရဟန်းပဲ၊ တစ်ခွန်းတည်းပြောရုံနှင့် ထွက်သွားတယ်။ ဒီလောက်ပြောရ ဆိုရ လွယ်ကူတဲ့ရဟန်းမျိုးကို တစ်ညလုံးအကြောင်းမဲ့ အပင်ပန်းခံပြီး ငါ စစ်ထိုးမိတယ်" ဟု အောက်မေ့ကာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းသွား လေ၏။ သို့ရာတွင် "သဘောရိုးနှင့် ထွက်ခြင်းလော၊ အကြံတစ်မျိုး မနှောဆိုးနှင့် ထွက်ခြင်းလော တပ်အပ်မသိနိုင်၊ စုံစမ်းကြည့်ဦးမှပဲ" ဟု သဘောပိုက်ကာ "ရဟန်းပြန်ဝင်ပါ" ဟု ခိုင်းလိုက်လေ၏။ မြတ်စွာဘုရား လည်း "ကောင်းပြီ အာဠာဝက" ဟုဆိုကာ ဗိမာန်အတွင်းသို့ ပြန်ဝင်တော်

mgyoe.com

mgyoe.com

မူလေ၏။

(အာဠာဝက) "ရဟန်းပြန်ထွက်ပါ"

(မြတ်စွာဘုရား) "ကောင်းပြီအာဠာဝက"

မြတ်စွာဘုရားသည် ဗိမာန်တွင်းမှ ပြန်ထွက်တော်မူ၏။

(အာဠာဝက) "ရဟန်းပြန်ဝင်ပါ"

(မြတ်စွာဘုရား) "ကောင်းပြီအာဠာဝက"

မြတ်စွာဘုရားသည် ဗိမာန်တွင်းသို့ ပြန်ဝင်တော်မူပြန်၏။

(အာဠာဝက) "ရဟန်းပြန်ထွက်ပါ"

(မြတ်စွာဘုရား) "ကောင်းပြီ အာဠာဝက"

မြတ်စွာဘုရားသည် ဗိမာန်အတွင်းမှ ပြန်ထွက်တော်မူ၏။

(အာဠာဝက) "ရဟန်းပြန်ဝင်ပါ"

(မြတ်စွာဘုရား) "ကောင်းပြီအာဠာဝက"

မြတ်စွာဘုရားသည် ဗိမာန်တွင်းသို့ ပြန်ဝင်တော်မူလေ၏။

ထိုအခါ အာဠာဝကစိတ်ထဲ၌ "သည်ရဟန်းဟာ ပြောလို့ဆိုလို့ တယ်လွယ်ကူတာပဲ။ ပြောတိုင်း လိုက်လုပ်တာပဲ၊ တစ်ညလုံး သည်လို ချည်း ထွက်ချည်ဝင်ချည် အလုပ်ခိုင်းပြီး ပင်ပန်းလာတော့မှ ခြေနှစ် ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက်ကို ပစ်လွှတ်လိုက်ရရင် ဟန်ကျမယ်" ဟု စိတ်ယုတ်မာပေါက်လာကာ–

"ရဟန်းပြန်ထွက်ပါ" ဟု လေးကြိမ်မြောက် အထွက်ခိုင်းလိုက် လေ၏။

## ဘာဖြစ်လို့မထွက်သလဲ

မြတ်စွာဘုရားသည် အာဠာဝက၏စိတ်အကြံကို စေတောပရိယ ဉာဏ်ဖြင့် သိတော်မူ၍–

"ငါမထွက်တော့ဘူး အာဠာဝက၊ မင်းထင်သလိုသာ ပြုမူပေတော့" ဟု မိန့်တော်မူလိုက်လေ၏။

mgyoe.com

mgyoe.com

ထိုအခါ အာဠာဝကလည်း တစ်စုံတစ်ရာ ကြံရာမရတော့သဖြင့် ရှေးအခါက မိမိဗိမာန်သို့ လာရောက်လည်ပတ်ကြကုန်သော တန်ခိုးအဘိညာဏ်ဖြင့် ပြည့်စုံသည့် ရသေ့ ရဟန်း ပရိဗိုဇ်တို့ကို မေးခွန်းပုစ္ဆာ ပြဿနာထုတ်မေး၍ မဖြေနိုင်ကြသောအခါ စိတ်ဓာတ်ပျံ့လွင့် ရူးသွပ်အောင် ပြုလုပ်ခြင်းစသော ညှဥ်းပန်းနှိပ်စက်ခြင်းတို့ဖြင့် ညှဥ်းပန်းနှိပ်စက်ခဲ့ဖူးသည်ကို သတိရကာ မြတ်စွာဘုရားကိုလည်း ထိုနည်းတူ ပြုမူရန်ကြံစည်လျက်–

"ရဟန်း၊ သင့်ကို မေးခွန်းပြဿနာ မေးမည်၊ ဖြေနိုင်လျှင် ဖြေပေတော့၊ မဖြေနိုင်လျှင်တော့ သင်၏စိတ်ကို ပျံ့လွင့်ရူးသွပ်သွားအောင် လုပ်ပစ်လိုက်မည်။ နှလုံးသားကိုဖြစ်စေ ဖောက်ခွဲပစ်လိုက်မည်။ ခြေနှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက်ဖြစ်စေ လွှင့်ပစ်လိုက်မည်" ဟု ဆိုလိုက်လေ၏။

(မြတ်စွာဘုရား) "ကမ္ဘာပေါ်မှာ ငါ့ကို စိတ်ပျံ့လွင့်အောင်လုပ်နိုင်သူ၊ နှလုံးသားကို ဖောက်ခွဲနိုင်သူ၊ ခြေနှစ်ချောင်းကိုင်ပြီး ဂင်္ဂါမြစ်တစ်ဖက် လွှင့်ပစ်နိုင်သူ ငါမမြင်ဘူး အာဠာဝက၊ သို့သော် သင်မေးခွန်းပြဿနာ မေးလိုလျှင် ဘာမဆိုမေးနိုင်တယ်"

**အာဠာဝက၏ပထမမေးချက်မေးခွန်း ၄ ခု**

အထက်ပါအတိုင်း မြတ်စွာဘုရားက မေးမြန်းရန် ခွင့်ပြုတော်မူလိုက်ရာ အာဠာဝကသည် အောက်ပါအတိုင်း မေးခွန်းပြဿနာ ထုတ်၍ မေးမြန်းခဲ့လေ၏။

(၁) ဤလောက၌ ယောကျာ်း၏မြတ်သောဥစ္စာသည် အဘယ်ပါနည်း။

(၂) ချမ်းသာသုခရရှိရန် အဘယ်တရားကို ကောင်းစွာလေ့ကျက်ရပါမည်နည်း။

(၃) အရသာရှိသော သဘောတရားတို့တွင် အဘယ်အရသာ

mgyoe.com

mgyoe.com


သည် အမြတ်ဆုံးပါနည်း။

(၄) အသက်မွေးဝမ်းကျောင်းအမှုတို့တွင် အဘယ်မည်သော အသက်မွေးခြင်းသည် အမြတ်ဆုံးပါနည်း။

မြတ်စွာဘုရား၏ဖြေဆိုတော်မူချက်

အထက်ပါအာဠဝက မေးခွန်း ၄ ချက်ကို မြတ်စွာဘုရားက အောက်ပါအတိုင်း အစဉ်အလိုက် ဖြေဆိုတော်မူလိုက်လေ၏။

(၁) ဤလောက၌ ယောကျ်ား၏ မြတ်သောဥစ္စာကား ဘုရား တရား သံဃာ ရတနာသုံးပါးနှင့်တကွ ကံကံ၏အကျိုးကို ယုံကြည်ခြင်း ဟု ဆိုအပ်သော သဒ္ဓါတရားဖြစ်သည်။

(၂) ချမ်းသာသုခရရှိရန် သုစရိုက် ၁၀ ပါး ကုသိုလ်တရားကို လေ့ကျက်အားထုတ်ရသည်။

(၃) အရသာရှိသော သဘောတရားတို့တွင် မှန်သောစကားကို ပြောဆိုခြင်းဟု ဆိုအပ်သော သစ္စာတရားသည် အမြတ်ဆုံး (အရသာ အရှိဆုံး) ဖြစ်သည်။

(၄) အသက်မွေးဝမ်းကျောင်းမှုတို့တွင် ပညာဖြင့် အသက်မွေး ခြင်းသည် အမြတ်ဆုံးဖြစ်သည်။

**အာဠာဝက၏ဒုတိယမေးချက်မေးခွန်း ၄ ခု**

အာဠာဝကသည် မိမိ၏ အထက်ပါမေးခွန်းပြဿနာ ၄ ချက် အတွက် မြတ်စွာဘုရား၏ ဖြေဆိုတော်မူချက်များကို ကြားရရာ ကျေနပ် နှစ်သက်၍ ဆက်လက်ပြီး နောက်ထပ် မေးခွန်းပြဿနာ ၄ ချက်ကို အောက်ပါအတိုင်း မေးမြန်းပြန်၏။

(၁) ဩဃလေးပါးကို အဘယ်တရားဖြင့် လွန်မြောက်အောင် ကူးခပ်ရသနည်း။

(၂) သံသရာတည်းဟူသော သမုဒ္ဒရာကို အဘယ်တရားဖြင့် လွန်မြောက်အောင် ကူးခပ်ရသနည်း။

mgyoe.com

mgyoe.com

(၃) ဆင်းရဲဒုက္ခကို အဘယ်တရားဖြင့် လွန်မြောက်နိုင်သနည်း။

(၄) အဘယ်တရားဖြင့် စင်ကြယ်နိုင်သနည်း။

မြတ်စွာဘုရား၏ ဖြေဆိုတော်မူချက်

အထက်ပါ အာဠဝက၏ ဒုတိယမေးမြန်းချက် မေးခွန်း ၄ ခုကို မြတ်စွာဘုရားက အောက်ပါအတိုင်း အစဉ်လိုက် ဖြေဆိုတော်မူလိုက်လေ၏။

(၁) ဩဃလေးပါးကို ဘုရား–တရား– သံဃာ ရတနာသုံးပါးနှင့် ကံ– ကံ၏အကျိုးကို ယုံကြည်ခြင်းဟု ဆိုအပ်သော သဒ္ဓါတရားဖြင့် လွန်မြောက်အောင် ကူးခပ်ရသည်။

(၂) သံသရာတည်းဟူသော သမုဒ္ဒရာကို ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းဟု ဆိုအပ်သော "အပ္ပမာဒ" ခေါ် သတိတရားဖြင့် လွန်မြောက်အောင် ကူးခပ်ရသည်။

(၃) ဆင်းရဲဒုက္ခကို လုံ့လဟုဆိုအပ်သော ဝီရိယတရားဖြင့် လွန်မြောက်နိုင်သည်။

(၄) အသိအလိမ္မာဉာဏ်ပညာဟု ဆိုအပ်သော ပညာတရားဖြင့် စင်ကြယ်နိုင်သည်။

အာဠဝကဘီလူးသည် ဤအထက်ပါ ဒုတိယမေးမြန်းချက် မေးခွန်း ၄ ခုကို မြတ်စွာဘုရားသခင် ဖြေဆိုတော်မူ၍အပြီးတွင် သောတာပတ္တိမဂ်ဖိုလ်ကိုရောက်၍ သောတာပန် ဖြစ်သွားလေ၏။

(မှတ်ချက်။ ။ အာဠဝကသည် အထက်ပါမေးခွန်းပြဿနာရှစ်ချက်ကို မည်သည့်ဌာနမှ ရလာသနည်းဆိုသော်၊ အာဠဝက၏ မိဘနှစ်ပါးသည် ကဿပမြတ်စွာဘုရားထံမှ ရလာခဲ့ခြင်းဖြစ်ရာ မေးခွန်းသာမက အဖြေနှင့်တကွ ရလာခဲ့ခြင်းဖြစ်၏။ မိဘများသည် အာဠဝကကို ငယ်စဉ်က ဤမေးခွန်းရှစ်ချက်နှင့်တကွ အဖြေများကို သင်ကြားပေးသဖြင့် အာဠဝကလည်း သိရှိလာခဲ့၏။ သို့ရာတွင် မိဘများမရှိသည့်နောက် ကာလကြာမြင့်လာသောအခါ အဖြေများ မေ့ပျောက်သွား၍

mgyoe.com

mgyoe.com

မေးခွန်းသာ ရရှိနေတော့ရာ၊ ကြာလျှင် မေးခွန်းပါ မေ့ပျောက်သွားမည် စိုး၍ မေးခွန်းရှစ်ချက်ကိုမူ ရွှေပြားပေါ်၌ ဆေးဒန်းမြင်းသီလာဖြင့်ရေးကာ မိမိဘုံဗိမာန်အတွင်း၌ ကောင်းမွန်စွာ သိမ်းဆည်းထားလေသည်။)

**အာဠာဝကၡ၏နောက်ထပ်မေးချက်မေးခွန်း ၅ ချက်**

အာဠဝကဘီလူးသည် သောတာပန်တည်ပြီးနောက် မိမိ၏ ဉာဏ်ပဋိဘာန်အလျောက် လောကီ လောကုတ္တရာ နှစ်ဖြာရောနှောသော နောက်ထပ်မေးခွန်းပြဿနာ ၅ ချက်ကို အောက်ပါအတိုင်း မေးမြန်း လျှောက်ထားပြန်လေ၏။

(၁) အဘယ်သို့သောအကြောင်းဖြင့် ပညာကို ရရာသနည်း။

(၂) အဘယ်သို့သောအကြောင်းဖြင့် ဥစ္စာကို ရရာသနည်း။

(၃) အဘယ်သို့သော အကြောင်းဖြင့် ကျော်စောခြင်းသို့ ရောက်ရာသနည်း။

(၄) အဘယ်သို့သော အကြောင်းဖြင့် မိတ်ဆွေတို့ကို ရရာသနည်း။

(၅) အဘယ်သို့သောအကြောင်းဖြင့် တမလွန်ဘဝ၌ မစိုးရိမ်ရသနည်း။

**မြတ်စွာဘုရား၏ ဖြေဆိုတော်မူချက်**

အထက်ပါ အာဠဝက၏ သူ၏ ဉာဏ်ပဋိဘာန်အလျောက် မေးမြန်းသော နောက်ထပ်မေးခွန်း ၅ ခုကို မြတ်စွာဘုရားက အောက်ပါ အတိုင်း အစဉ်လိုက် ဖြေဆိုတော်မူလိုက်လေ၏။

(၁) (က) နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ဘုရားရဟန္တာတို့၏ တရားကို ယုံကြည်ခြင်း။

(ခ) ယုံကြည်သည့်အတိုင်း ဘုရားရဟန္တာတို့၏ တရားကို ကြားနာ နာခံခြင်း။

mgyoe.com

(ဂ) မမေ့မလျော့သော သတိနှင့် ပြည့်စုံခြင်း။

(ဃ) အဆင်ခြင်ဉာဏ်ရှိခြင်း။

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံခြင်းကြောင့် (ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောသူသည်) ပညာကို ရရာ၏။

(မှတ်ချက်)။ ။ ဤ၌ ပညာဆိုသည်ကား မြတ်စွာဘုရား၏ အလိုတော်ကျ တိုက်ရိုက်အားဖြင့် လောကုတ္တရာပညာဖြစ်သော မဂ်နှင့် ယှဉ်သည့် ဝိပဿနာပညာကို ဆိုလို၏။ လောကီပညာအတွက်လည်း အထက်ဖော်ပြပါ အင်္ဂါလေးပါးအတိုင်း (က) မိမိသင်ယူရမည့် ပညာရပ်ပေါ်၌ ယုံကြည်ခြင်း (ခ) ယုံကြည်သည့်အတိုင်း ကြားနာ နာခံခြင်း၊ (ဂ) မမေ့မလျော့သော သတိနှင့် ပြည့်စုံခြင်း၊ (ဃ) အဆင်ခြင်ဉာဏ်ရှိခြင်း ဟု ဆိုအပ်သော အချက် ၄ ချက် ပြည့်စုံပါက ထိုပညာရပ်ကို ရရှိနိုင်ကြောင်း မှတ်သားအပ်ပေ၏။)

(၂) လျောက်ပတ်စွာ ပြုမူလေ့ရှိ၍ ထကြွလုံ့လဝီရိယရှိသော သူသည် ဥစ္စာကို ရရာ၏။

(၃) မှန်သောစကားကို ပြောဆိုခြင်းဖြင့် ကျော်စောခြင်းသို့ ရောက်ရာ၏။

(၄) ပေးကမ်းစွန့်ကြဲခြင်းဖြင့် မိတ်ဆွေတို့ကို ရရာ၏။

(၅) သစ္စာ။ (မှန်သောစကားကို ပြောဆိုခြင်း)

ဓမ္မ။ (လောကီ လောကုတ္တရာပညာ)

ဓိတိ။ (ထကြွလုံ့လဝီရိယရှိခြင်း)

စာဂ။ (ပေးကမ်းစွန့်ကြဲခြင်း) ဟု ဆိုအပ်သော တရားလေးမျိုးနှင့် ပြည့်စုံခြင်းကြောင့် (ပြည့်စုံသောသူသည်) တမလွန်ဘဝ၌ စိုးရိမ်ခြင်း မရှိရာပေ။

မြတ်စွာဘုရားသည် အာဠဝကဘီလူး၏ နောက်ထပ်မေးချက် မေးခွန်း ၅ ခုကို အထက်ပါအတိုင်း ဖြေဆိုတော်မူလိုက်ရာ အာဠဝကဘီလူးသည် ကျေနပ်နှစ်သိမ့်သဘောကျကာ သောတာပန်ပီပီ ကြည်ညိုသော

mgyoe.com

စိတ်ထားနှင့် မြတ်စွာဘုရားအား ချီးကျူးထောမနာလျက် မိမိအတွက် မြတ်စွာဘုရား တမင်သက်သက် ကြွလာခြင်းကို အားရဝမ်းမြောက်စွာ လျှောက်ထားပြောဆိုလေသတည်း။

## (၃) နာဠာဂီရိဆင်
## တက္ကသိုလ်တွင်ဟောကြားခဲ့သော
## ""မြတ်စွာဘုရားအကြောင်း"" စာအုပ်မှ ထုတ်နုတ်ချက်

အာဠာဝကအကြောင်းကို ပြောပြပြီးတော့ နာဠာဂီရိဆင်ကို ယဉ်ကျေးအောင် မြတ်စွာဘုရားသခင် ဆုံးမတော်မူတဲ့အခန်းကို ပြောပြလိုပါတယ်။ နာဠာဂီရိဆင်ဟာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကြီးရဲ့ ဆင်တော်ဖြစ်တယ်။ အဇာတသတ်ရဲ့ ဆရာဒေဝဒတ်က အကြံပေးတဲ့ အတိုင်း တစ်နေ့သောနံနက်မှာ ရာဇဂြိုဟ်ပြည်တွင်းသို့ ဘုရားသခင် ဆွမ်းခံဝင်လာတဲ့အခါမှာ နာဠာဂီရိဆင်ကို အရက်မူးအောင်တိုက်ပြီး ဘုရားသခင်ကို နင်းသတ်ဖို့ လွှတ်လိုက်ပါတယ်။ ဘုရားသခင်ရဲ့ တပည့်သံဃာတော်တွေကလည်း ဒီအကြောင်းကိုသိတဲ့အတွက် နာဠာဂီရိဆင်ရှိတဲ့လမ်းက ဆွမ်းခံမကြွဘဲ တခြားလမ်းက ဆွမ်းခံကြွဖို့ ဘုရားသခင်ကို လျှောက်ကြပါတယ်။

"ဘုရားသခင်က 'ချစ်သားတို့ မကြောက်ကြနဲ့ နာဠာဂီရိဆင်ကြီးကို ယဉ်ကျေးအောင် ငါဆုံးမမယ်' လို့ မိန့်တော်မူတယ်။ အရက်မူးနေတဲ့ နာဠာဂီရိဆင်ကြီးလည်း ဘုရားကို နင်းသတ်ရန် အတင်းပြေးလာတဲ့အခါ အနားမှာရှိတဲ့ မိန်းမတစ်ယောက်ဟာ သူ့ရဲ့သားငယ်ကို ဘုရားရှေ့မှာ ချပြီး ထွက်ပြေးသွားတယ်။ အဲဒီအခါ နာဠာဂီရိဆင်က အဲဒီမိန်းမဘက်သို့ လှည့်ပြီး လိုက်ပြန်တယ်။ ဘုရားသခင်လည်း နာဠာဂီရိဆင်ကို မေတ္တာပို့ကာ အင်မတန်သာယာတဲ့အသံနဲ့ ချစ်သားနာဠာဂီရိ၊ သင့်ကို အရက်တိုက်ပြီး လွှတ်လိုက်တာက အိမ်တို့ ဈေးတို့ဖျက်ပြီး အခြားသူတွေကို သတ်ဖို့မဟုတ်၊ ငါဘုရားကို သတ်ဖို့ပဲဖြစ်တယ်၊ အဲဒါကြောင့်

mgyee.com